# ရန်ငြိုးဖွဲ့ ချေမှုန်းခံနေရသည့် အရပ်သား ပြည်သူများ



Photo by: K.N.D.F

Equality Myanmar

# အသိအမှတ်ပြုလွှာ

အသက်ရှင်သန်လွတ်မြောက်လာသူများနှင့် မိသားစုဝင်များအပါအဝင် ဤအစီရင်ခံစာဖြစ်မြောက်ရေး အတွက် လိုအပ်သော သတင်းအချက်အလက်များ ကူညီပံ့ပိုးပေးကြသော လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ အားလုံးကို မိမိတို့အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုအပ်ပါသည်။ သူတို့၏ ရဲရင့်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ ဤအစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာအတွက် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့် ရေးသားပြုစုခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့သော Tea Leaf Center ကိုလည်း ကျေးဇူးတင်ရှိပါသည်။

# အနှစ်ချုပ်

မြန်မာစစ်တပ်သည် ၎င်း၏ သမိုင်းတစ်လျှောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးတွင် ချိုးဖောက်မှုများ ပိုမိုပြင်းထန်အရှိန်မြင့်လာခဲ့ကာ နိုင်ငံတွင်း အခြားနေရာဒေသများသို့လည်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိပျံ့နှံ့လာခဲ့သည်။ ညီမျှခြင်းမြန်မာက ၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် မတ်လအထိ စုစည်းမှတ်တမ်းတင်ထားသော အချက်အလက်များကို အသုံးပြု၍ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်အတူ ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများအပါအဝင် အရပ်သားပြည်သူများအား သတ်ဖြတ်မှု ဖြစ်စဉ်များကို ဤအစီရင်ခံစာတွင် ခွဲခြမ်းစိတ်ဖြာ တင်ပြထားပါသည်။ ထိုသတ်ဖြတ်မှုအများစုမှာ စစ်တပ်နှင့် ၎င်း၏အပေါင်းအပါများက ကျူးလွန်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) က ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုအချို့ကိုလည်း ညီမျှခြင်းမြန်မာက မှတ်တမ်းရရှိခဲ့သည်။

နိုင်ငံရေးအတိုက်အခံများအား ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်းနှင့် လက်နက်ကိုင်တိုက်ပွဲအတွင်း စစ်တပ်နှင့် ၎င်း၏အပေါင်းအပါများက ကျူးလွန်ခဲ့ကြသော အရပ်သားပြည်သူများအား သတ်ဖြတ်မှုများကို ဤအစီရင်ခံစာတွင် မီးမောင်းထိုး တင်ပြထားပါသည်။ ဤသတ်ဖြတ်မှုများနှင့် အတူတကွ ကျူးလွန်သော ချိုးဖောက်မှုများသည် ကျူးလွန်ခံရသူများ၏ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအပေါ် ကြီးကြီးမားမား ထိခိုက်စေခဲ့ပြီး နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုများနှင့် ကြောက်ရွံ့ထိတ်လန့်မှုများ ပြည့်နှက်နေသည့် ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ဖြစ်ရပ်လေ့လာမှုများတွင် ကျူးလွန်ခံရသူများ၏ မိသားစုဝင်များအား သူတို့၏ သဘောထားအမြင်များကို မေးမြန်းတင်ပြခဲ့ရာ ထိုကျူးလွန်ချိုးဖောက်ခဲ့မှုများအတွက် တရားမျှတမှုရရှိရေးကို တောင်းဆိုခဲ့ကြသည်ကို မြင်တွေ့နိုင်ပါသည်။

ပထမအခန်းတွင် အရေအတွက်စံပြု ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်တွင် မှတ်တမ်းတင်ခဲ့သည့် အမှုအခင်းအားလုံးကို ပုံကားချပ်ဇယားများဖြင့် ဖော်ပြထားပြီး၊ ကျူးလွန်ခံရသူများ၏ လိင်၊ အသက်၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေတို့အပြင် သတ်ဖြတ်မှုဖြစ်ပွားခဲ့သည့် တည်နေရာနှင့် သတ်ဖြတ်ပုံနည်းလမ်းများကိုလည်း လေ့လာဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ မှ ၂၀၂၃ ခုနှစ် မတ်လအတွင်း အရပ်သားပြည်သူများ သတ်ဖြတ်ခံရသည့် ဖြစ်ရပ် စုစုပေါင်း ၄၄၁ ခုနှင့် စုစုပေါင်း သေဆုံးသူ ၁၃၆၃ ဦးကို ညီမျှခြင်းမြန်မာက မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုသတ်ဖြတ်မှုများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စသည့် တိုင်းဒေသကြီးများ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်စသည့် ပြည်နယ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ ဒုက္ခသည်စခန်းများ၌ နေထိုင်လျက်ရှိသော မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာခဲ့ကြရသူများအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့သည်။ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း၊ မှတ်တမ်းပြုစုသူများ ရင်ဆိုင်ကြုံတွေ့ရသော လုံခြုံရေးဆိုင်ရာကိစ္စများနှင့် ပဋိပက္ခများ ဖြစ်ပွားနေသော အချို့ဒေသများသို့ ဝင်ရောက်နိုင်မှု မရှိခြင်း စသောကိစ္စရပ်များကြောင့် ဤအချက်အလက်များတွင် လိုအပ်ချက်များ ရှိနိုင်ပါသည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော အရပ်သားပြည်သူများ သတ်ဖြတ်ခံရမှုများ၏ ထက်ဝက်ခန့်မှာ (စုစုပေါင်း သေဆုံးသူ ၁၃၆၃ ဦးအနက်မှ ၇၄၈ ဦး) အရွယ်ရောက်ပြီးသူ အမျိုးသားများဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ပြီး၊ ၁၄၃ ဦးမှာ အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် ၉၆ ဦးမှာ ကလေးသူငယ်များ (အသက် ၁၈ နှစ်အောက်) ဖြစ်ပါသည်[1] ။ ထို့အပြင် မသန်စွမ်းသူများ သတ်ဖြတ်ခံရမှုဖြစ်စဉ် စုစုပေါင်း ၁၀ ခုကိုလည်း တွေ့ရှိခဲ့သည်။ အရပ်သားပြည်သူများကို သတ်ဖြတ်ရာတွင် သေနတ်ဖြင့် ပစ်သတ်ခြင်း၊ မီးရှို့ခြင်း၊ ခေါင်းဖြတ်ခြင်း၊ လက်နက်ကြီး ထိမှန်ခြင်းနှင့် မုဒိမ်းပြုကျင့်စဉ် သတ်ဖြတ်ခြင်းစသည့် နည်းလမ်းများကို ရက်စက်စွာ လုပ်ဆောင်ခဲ့သည်။ သေနတ်ဖြင့် ပစ်သတ်ခြင်းကြောင့် သေဆုံးသည့်ဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး စုစုပေါင်း ၂၇၂ ဦး သေဆုံးခဲ့ကာ၊ ယင်းနောက်တွင် မီးရှို့ခံရမှုကြောင့် သေဆုံးသူ ၆၄ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ် ၂၀ မှာ စာသင်ကျောင်းများနှင့် စစ်ဘေးရှောင်စခန်းများကဲ့သို့သော ထိခိုက်လွယ်သည့် နေရာများ တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်စဉ်များဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံတဝှမ်းဖြစ်ပွားနေသော အရပ်သားပြည်သူများကို သတ်ဖြတ်သည့် ပုံစံအမျိုးမျိုးကို ရှင်းလင်းဖော်ပြထားသော အရည်အသွေးစံပြု ဖြစ်ရပ်လေ့လာမှု ငါးခု ကိုလည်း တင်ပြထားပါသည်။ ဖမ်းဆီးခံရသော သို့မဟုတ် ဒဏ်ရာရနေသော ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားပြည်သူများအပေါ် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကို အဆိုပါ ဖြစ်ရပ်များက ထင်ထင်ရှားရှား ပြသနေပါသည်။ ထိုဖြစ်ရပ်များတွင် မှတ်တမ်းတင်ခဲ့သော အဖြစ်အပျက်များက အနီးအနားဝန်းကျင်မှ လူမှုအသိုင်းအဝိုင်းတခုလုံးကို ကြောက်ရွံ့တုန်လှုပ်မှုများ ဖြစ်စေခဲ့ပြီး၊ ဖြစ်စဉ် အများစုတွင် ရွာလုံးကျွတ် စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပွားခဲ့သည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော သတ်ဖြတ်မှုနှင့် အခြားချိုးဖောက်မှုများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝှမ်းတွင် အရှိန်အဟုန်ပြင်းပြင်းနှင့် ပျံ့နှံ့ဖြစ်ပွားခဲ့သည့် မြန်မာစစ်တပ်၏

[1] သေဆုံးသူ ၃၇၆ ဦး၏ လိင် (ကျား/မ) ကို အတည်မပြုနိုင်ခဲ့ပါ။

ကာလရှည်ကြာ အကြမ်းဖက်ယုတ်မာ ရက်စက်မှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ထိုကဲ့သို့ တရားနည်းလမ်းမကျသည့် လုပ်ရပ်များအား ကျူးလွန်ခဲ့သည့်တိုင် မည်သည့် မြန်မာစစ်တပ်ခေါင်းဆောင်များမှ သူတို့၏ လုပ်ရပ်များအတွက် တာဝန်ယူ တာဝန်ခံမှုကို ရင်ဆိုင်ခဲ့ရခြင်း မရှိသေးပါ။

# မြန်မာနိုင်ငံအတွင်း အရပ်သားပြည်သူများကို သတ်ဖြတ်မှုများ

ဆယ်စုနှစ်ပေါင်း များစွာကြာ နိုင်ငံရေးအရ ဖိနှိပ်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခများအတွင်း မြန်မာစစ်တပ်၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် ယုတ်မာရိုင်းစိုင်းသော နည်းဗျူဟာများကြောင့် သတ်ဖြတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများ တင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ မျက်မှောက် ၂၀၂၁ ခုနှစ် အလွန်ကာလအခြေအနေတွင် ဤနည်းဗျူဟာများ ဆက်လက်တည်ရှိနေပြီး စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ပဋိပက္ခများနှင့် ဖိနှိပ်မှုများ သိသိသာသာ တိုးလာပြီး တရားလက်လွတ် သတ်ဖြတ်မှုများလည်း အလားတူ တိုးလာခဲ့ပါသည်။

အတိုက်အခံ အင်အားစုများအပေါ် လူထုထောက်ခံမှုကို လျှော့ချရန် ရည်ရွယ်၍ အရပ်သားပြည်သူများကို ပစ်မှတ်ထားပြီး ထိခိုက်မှုအကြီးအကျယ် ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်သည့် ဖြတ်လေးဖြတ်[2]နှင့် ဆက်စပ်နည်းဗျူဟာများအပါအဝင် စစ်တပ်၏ တိုင်းရင်းသားဒေသများအတွင်း ဆောင်ရွက်ခဲ့သည့် နည်းဗျူဟာများကို ယခုအခါတွင် နိုင်ငံအတွင်း ဒေသအနှံ့တွင် ကျင့်သုံးနေပြီ ဖြစ်သည်။[3] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်မှုများတွင် အသုံးပြုခဲ့သည့် ကျေးရွာများကို မီးတင်ရှို့ခြင်းနှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို နှင်ထုတ်ခြင်းလုပ်ရပ်များ ပါဝင်သည့် "နယ်မြေရှင်းလင်း စစ်ဆင်ရေး" နည်းနာများကို ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တွေ့ရှိခဲ့ရပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊

[2] "ဖြတ်လေးဖြတ်" ဆိုသည်မှာ လူမျိုးစု တော်လှန်ရေးအဖွဲ့များ(EROs) ၏ စားနပ်ရိက္ခာ၊ သတင်းအချက်အလက်၊ လူသစ်စုဆောင်းခြင်းနှင့် ဘဏ္ဍာငွေများကို ဖြတ်တောက်ခြင်းဖြင့် EROs များအတွက် လူထုထောက်ခံမှုကို တားဆီးလျော့ချသည့် မြန်မာစစ်တပ်၏မူဝါဒကို ရည်ညွှန်းပါသည်။ ဤဗျူဟာတွင် ကျေးရွာများကို မီးရှို့ခြင်းနှင့် ရပ်ရွာတစ်ခုလုံးကို ရွှေ့ပြောင်းစေခြင်းတို့ ပါဝင်သည်။

[3] United Nations High Commissioner for Human Rights. (2023). Situation of Human Rights in Myanmar since 1 February 2022. UN. Doc. No. A/HRC/52/21; Ministry of Human Rights, Republic of the Union of Myanmar, National Unity Government. (2023). HRC 52: မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများ အကြောင်းပိုမိုသိရှိရန် https://progressivevoicemyanmar.org/2023/02/28/hrc52-snapshot-on-the-human-rights-situation-in-myanmar/. ကိုကြည့်ပါ။

ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့ကဲ့သို့သော တိုင်းရင်းသားဒေသများတွင်လည်း ဆက်လက်အသုံးပြုနေပါသည်။[4]

ရဲများနှင့် အကျဉ်းထောင်အစောင့်များ အပါအဝင် မြန်မာလုံခြုံရေးတပ်ဖွဲ့များက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများအပေါ် ရက်စက်ယုတ်မာစွာ ပြုမူဆောင်ရွက်ခဲ့သည့် ရှည်လျားသည့် သမိုင်းကြောင်း ရှိပါသည်။ ၁၉၈၈၊ ၂၀၀၇ ခုနှစ်များအပါအဝင် အခြားသော အချိန်ကာလအသီးသီးတွင် ပေါ်ပေါက်ခဲ့သော လူထုအုံကြွမှုများအတွင်း လူထောင်ပေါင်းများစွာ သေဆုံးစေခဲ့သော နည်းဗျူဟာများအတိုင်း ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း အလားတူနည်းဗျူဟာများ ကျင့်သုံးခဲ့ပြီး ဖမ်းဆီးအကျဉ်းချခံရစဉ်အတွင်း လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့သည်။[5] ထို့အပြင် ဆန္ဒပြပွဲများနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို အကြမ်းဖက်ဖြိုခွင်းမှုများအတွင်း အများအပြား သေဆုံးခဲ့ရသည်။ ဤနည်းဗျူဟာများတွင် (မြန်မာစစ်တပ် အသုံးချခံ) ၎င်းတို့ဘာသာ ဖွဲ့စည်းထားသော လုံခြုံရေးအဖွဲ့များနှင့် အခြား (မတရားအာဏာ လုယူ၍ အုပ်ချုပ်သူ) စစ်အစိုးရကို ထောက်ခံသောအရပ်သားများကို အသုံးပြုခြင်းအပြင် အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများတွင် ညှင်းပန်းနှိပ်စက်ခြင်းများ ပါဝင်သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်မှ စတင်၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အများအပြားကို နိုင်ငံရေးရာဇဝတ်မှုစွဲချက်ဖြင့် နိုင်ငံတကာစံနှုန်းများ နှင့်/သို့မဟုတ် ပြည်တွင်းဥပဒေ၏ တရားရေးလုပ်ငန်းစဉ်များအတွက် သတ်မှတ်ချက်များနှင့်ပင် မကိုက်ညီသော တရားရုံးများက သေဒဏ် ချမှတ်ခဲ့ပြီး၊ အချို့မှာ ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။[6]

မြန်မာ့သမိုင်းတလျှောက်တွင် အထက်ဖော်ပြပါ ရာဇဝတ်မှုများနှင့် အခြားရာဇဝတ်မှုများအတွက် ထိပ်တန်းစစ်ခေါင်းဆောင်များကို စွဲချက်တင် အရေးယူနိုင်ခြင်း (တာဝန်ယူ တာဝန်ခံစေခြင်း) မရှိခဲ့ပါ။

[4] ကရင်အမျိုးသားအစည်းအရုံး. (၂၀၂၃). ကော့သူလေးဒေသအတွင်း ကျူးလွန်ခဲ့သော မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများ : ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအပြီး အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ အကြောင်းပိုမိုသိရှိရန် https://progressivevoicemyanmar.org/wp-content/upload ကိုကြည့်ပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့ (၂၀၂၃) ကရင်ပြည်နယ် မီးလောင်ကျွမ်းခြင်း - မြန်မာနိုင်ငံ အရှေ့တောင်ဘက် ကျေးလက်ဒေသရှိ ကျေးလက်နေ ပြည်သူများ၏ အိုးအိမ်များနှင့် ပစ္စည်းများကို လက်တုံ့ပြန်သည့်အနေဖြင့် မီးရှို့ခြင်း အကြောင်းပိုမိုသိရှိရန် https://progressivevoicemyanmar.org/2023/03/31/burning-karen-state-retaliatory-burning-of-houses-and-property-against-rural-civilian-communities-of-southeast-burma-2021-and-2022/ ကိုကြည့်ပါ။ ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း (၂၀၂၃) စစ်တပ် တပ်ဖွဲ့ဝင်များက ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းနှင့်ဖယ်ခုံမြို့နယ်များတွင် အရပ်သားပြည်သူ အနည်းဆုံး ၃၃ယောက်အား သတ်ဖြတ်ခဲ့ခြင်း အကြောင်းပိုမိုသိရှိရန် https://progressivevoicemyanmar.org/2023/03/23/at-least-33-civilians-killed-by-sac-troops-during-military-operations-in-pinlaung-and-pekhon-townships-southern-shan-state-update-by-the-shan-human-rights-foundation/ ကိုကြည့်ပါ။

[5] Assistance Association for Political Prisoners. (2023). စစ်တပ်၏ ဖမ်းဆီးချုပ်နှောင်မှုများအတွင်း သေဆုံးမှုများအကြောင်း ပိုမိုသိရှိရန် https://aappb.org/wp-content/uploads/2023/03/English_-Deaths-in-Junta-Detainment-27-March-2023.pdf ကိုကြည့်ပါ။

[6] Athan. (2023) "မြန်မာနိုင်ငံအတွင်းရှိ သေဒဏ်ချမှတ်မှုများ :စစ်အာဏာရှင်များသည် တရားစီရင်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်၍ အတိုက်အခံတွေကို သတ်ပစ်ခဲ့သည်" အကြောင်း ပိုမိုသိရှိရန် https://progressivevoicemyanmar.org/wp-content/uploads/2023/02/Athan_DP-Eng-Ver@23.pdf. ကိုကြည့်ပါ။

ယင်းအစား မြန်မာစစ်တပ်နှင့် အစိုးရအဆက်ဆက်က ၎င်းတို့၏ တရားလက်လွတ်သတ်ဖြတ်မှုနှင့် အခြားရာဇဝတ်မှုများအတွက် စွပ်စွဲချက်များကို အစဉ်အဆက် ငြင်းဆိုခဲ့ကြသည်။[7] ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်ပေါ်လာပြီးကတည်းက အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ခေါင်းဆောင်များနှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ (EROs) ခေါင်းဆောင်များသည် အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်နစ်နာသူများ (ကျူးလွန်ခံရသူများ) ၏ မိသားစုများအတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးမည့် ချဉ်းကပ်ပုံနည်းလမ်းသစ်ကို ဖော်ဆောင်ကြမည်ဟု ကတိပြုခဲ့ကြသည်။[8] သို့သော်လည်း ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများနှင့် အခြားဦးစားပေးကိစ္စရပ်များအကြား တာဝန်ခံမှု၊ အမှန်တရား၊ ပြန်လည်ကုစားရေး သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်မည့် ခြေလှမ်းများမှာ အကန့်အသတ်များ ကြုံတွေ့နေရသည်။ တချိန်တည်းပင် လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် တာဝန်ယူတာဝန်ခံမှုနှင့် အခြားသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အစီအမံများကို ပံ့ပိုးနိုင်ရန် ရည်သန်၍ အဆိုပါချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင် နေကြသည်။

## သုတေသန နည်းနာ

ဤအစီရင်ခံစာကို ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှု ဖြစ်ပွားပြီးချိန်မှစ၍ မြန်မာနိုင်ငံတဝှမ်းတွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသော အချက်အလက်များအပေါ် အခြေခံ၍ ရေးသားပြုစုထားပါသည်။

သတ်ဖြတ်မှု ဖြစ်စဉ်တစ်ခုစီ၏ အသေးစိတ်အချက်အလက်များကို စေ့စေ့စပ်စပ် အလေးထား မှတ်တမ်းတင်ခြင်းဖြင့် သတင်းအချက်အလက် စုဆောင်းခြင်း လုပ်ငန်းစဉ်ကို စတင်ခဲ့ပါသည်။ အချက်အလက် စုဆောင်းသူများသည် တွေ့ဆုံမေးမြန်းမှုများ၊ မျက်မြင်သက်သေများ၏ သက်သေခံထွက်ဆိုချက်များကို စုဆောင်းခြင်းနှင့် သက်ဆိုင်ရာ တရားဝင် အစီရင်ခံစာများနှင့် မီဒီယာသတင်းဖော်ပြမှုများကို စေ့စေ့စပ်စပ် စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ သူတို့သည် အမှုတစ်ခုချင်းစီအား ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုကို တည်ဆောက်ရန်နှင့် အသေးစိတ်

---

[7] Thomson, A. မြန်မာနိုင်ငံအတွင်းရှိ တရားမျှတမှုအလားအလာ. International Center for Transitional Justice အကြောင်း ပိုမိုသိရှိရန်https://www.ictj.org/publication/myanmar-justice-prospects-nld ကိုကြည့်ပါ။

[8] KNPP (2022). Karenni National Progressive Party (KNPP) Statement No 2/2022. Retrieved from Karenni National Progressive Party (KNPP) အကြောင်းပိုမိုသိရှိရန် https://www.facebook.com/photo/?fbid=147596057779682; ကိုကြည့်ပါ။ "လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ စစ်ကောင်စီဥက္ကဌ နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် ငြင်းဆိုသည်"အကြောင်းပိုမိုသိရှိရန် https://www.irrawaddy.com/news/burma/ethnic-armed-groups-reject-myanmar-junta-chiefs-peace-talks.html ကိုကြည့်ပါ ။ Irrawaddy. (2021). မြန်မာစစ်တပ်ကိုတရားစွဲဆိုရန်ပြင်ဆင်ခြင်း NUG Human Rights Minister. အကြောင်းပိုမိုသိရှိရန် https://www.irrawaddy.com/news/burma/prosecutions-prepared-myanmar-military-nug-human-rights-minister.html ကိုကြည့်ပါ။

အချက်အလက်များကို ခိုင်လုံကြောင်း သက်သေပြနိုင်ရန်တို့အတွက် သက်သေအထောက်အထားများအား အတည်ပြုခြင်းကို အလေးထား အာရုံစိုက်ကြသည်။ သတင်းအချက်အလက် စုဆောင်းသူများသည် ပဋိပက္ခဒဏ်သင့် လူမှုအသိုင်းအဝိုင်းများ၏ စိတ်ဒဏ်ရာများနှင့် ထိခိုက်လွယ်မှုကို အသိအမှတ်ပြုပြီး ထိလွယ်ရှလွယ်ဖြစ်မှုကို အမြင့်ဆုံး အလေးထားဂရုပြု၍ ဆောင်ရွက်ခဲ့ကြသည်။

ကနဦးအချက်အလက် စုဆောင်းမှုများ ပြီးစီးသွားသည်နှင့် မှတ်တမ်းပြုစုရေးအဖွဲ့သည် အမှားအယွင်း လုံးဝမရှိစေရန် အတည်ပြုခြင်းလုပ်ငန်းစဉ်ကို အင်တိုက်အားတိုက် ဆောင်ရွက်ကြပါသည်။ လက်ခံရရှိထားသော အချက်အလက်များကို တိကျသေချာစွာ စိစစ်ရန် တင်းကြပ်သော အချက်အလက်စစ်ဆေးရေး ယန္တရားများကို အသုံးပြုထားပါသည်။ အချက်အလက်များ၏ တိကျမှုနှင့် မှန်ကန်မှုရှိစေရန် ကွဲလွဲမှု သို့မဟုတ် ရှေ့နောက်မညီမှုများကို စေ့စေ့စပ်စပ် စစ်ဆေးထားပါသည်။

ထိုအတည်ပြုခြင်းလုပ်ငန်းစဉ်တွင် လက်ခံရရှိထားသော အချက်အလက်များအား ဥပဒေများ၊ လူ့အခွင့်အရေး အစီရင်ခံစာများ၊ အမျိုးမျိုးသောရင်းမြစ်များနှင့် အပြန်အလှန် ရည်ညွှန်းကိုးကားခြင်းတို့လည်း ပါဝင်ပါသည်။ ဤလုပ်ငန်းစဉ် တလျှောက်တွင် လုပ်ငန်းအဖွဲ့သည် အချက်အလက်များ၏ လုံခြုံရေးနှင့် လျှို့ဝှက်မှုကို လေးစားလိုက်နာသည့် ကျင့်ဝတ်စံနှုန်းများကို တင်းကြပ်စွာလိုက်နာ စောင့်ထိန်းခဲ့ပါသည်။ အထူးသဖြင့် ဖြစ်စဉ်တခုချင်းအလိုက် အချက်အလက်များ စုဆောင်းခြင်းနှင့် ကျယ်ပြန့်သောအချက်အလက် (Database) ကို ထိန်းသိမ်းပေးသည့် ယုံကြည်စိတ်ချရသော ကွန်ပြူတာဆော့ဝဲလ်၏ ဆောင်ရွက်ချက်များကို အခြေခံကာ အာရုံစိုက်လေ့လာထားပါသည်။[9]

ဤအစီရင်ခံစာအတွက် အသုံးပြုထားသော အချက်အလက်များကို အဓိကအားဖြင့် မြေပြင်တွင် တိုက်ရိုက်စောင့်ကြည့်လေ့လာ မှတ်တမ်းပြုစုခြင်းနှင့်၊ အခြားသော လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ၏ အစီရင်ခံစာများ စသည့် တဆင့်ခံအချက်အလက်များမှလည်း ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ စစ်တပ်နှင့် ၎င်း၏ အပေါင်းအပါများ ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် ဖြစ်သော်လည်း၊ မှတ်တမ်းတင်နေစဉ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသော အချို့ဖြစ်စဥ်များလည်း ပေါ်ပေါက်ခဲ့သည့်အတွက် နောက်ဆုံးရလဒ်များတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ အချက်အလက်များ စုစည်းအတည်ပြုသည့် အဖွဲ့သည် ပ.က.ဖ (PDF) များက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသော အခြားဖြစ်စဥ်များကိုမူ အတည်ပြုစိစစ်မှုများကို လုပ်ဆောင်လျက်ရှိနေသေးသည်။

[9] https://uwazi.io/en/page/w4feakb1j3p/about

အရေအတွက်စံပြု ခွဲခြမ်းစိတ်ဖြာလေ့လာမှုအတွက် အချက်အလက်များကို အနှစ်ချုပ်ဖော်ပြခြင်းဖြင့် စိစစ်လေ့လာထားရာ မှတ်တမ်းပြုစုထားသော ဖြစ်စဉ်အရေအတွက်မှာ စုစုပေါင်း ၄၄၁ ခုဖြစ်သည်။ ထိုအမှုအခင်းဖြစ်စဉ်အားလုံးထဲမှ အရပ်သားပြည်သူ သေဆုံးမှုများကိုသာ ရွေးချယ်၍ ကျား/မ၊ အသက်၊ သတ်ဖြတ်ပုံနည်းလမ်းအမျိုးမျိုးတို့ဖြင့် တခုချင်းစီခွဲခြမ်းစိတ်ဖြာပါသည်။ သို့သော် ပထဝီဝင်တည်နေရာ၊ ကျူးလွန်သူ အမျိုးအစားများနှင့် ကျူးလွန်ခံရသူ (ပြည်တွင်းနေရပ်စွန့်ခွာသူများ) သို့မဟုတ် တိုက်ခိုက်ခံရသည့် နေရာများ (ကျောင်းများ) စသည် လက္ခဏာများကို ဖော်ပြထားရာတွင်၊ အရပ်သားပြည်သူများ သတ်ဖြတ်ခံရခြင်းနှင့် လက်နက်ကိုင် အဖွဲ့များ သေဆုံးသည့် ဖြစ်စဉ်များအားလုံး ပါဝင်နိုင်ပါသည်။

အရည်အသွေးစံပြု အချက်အလက်ခွဲခြမ်းစိတ်ဖြာလေ့လာမှုတွင် အထက်ဖော်ပြပါ စနစ်အောက်တွင် မှတ်တမ်းတင်ထားသော ဖြစ်စဉ်ငါးခုကို ရွေးချယ်၍ အသေးစိတ်လေ့လာ တင်ပြထားပါသည်။ ဤဖြစ်စဉ်များကို ရွေးချယ်ရာတွင် ချိုးဖောက်မှုများ၏ ပြင်းထန်မှု အနေအထားနှင့် ထိခိုက်ခံစားခဲ့ရသော လူမှုအသိုင်းအဝိုင်းများအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုများအပြင်၊ ထိုဖြစ်စဉ်အကြောင်း လက်ခံရရှိထားသည့် အချက်အလက်များ၏ အတိမ်အနက်ကို အခြေခံ၍ ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ ယခုခွဲခြမ်းစိတ်ဖြာတင်ပြချက်တွင် အဖြစ်အပျက်များကို ဖော်ပြခြင်းအပြင်၊ ထိုအဖြစ်အပျက်များကြောင့် လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်းအပေါ် မည်မျှသက်ရောက်မှု ရှိနေသည်ဆိုသော အချက်ကိုလည်း ထည့်သွင်းလေ့လာထားသည်။ ထိုကဲ့သို့ သုံးသပ်လေ့လာမှုအတွက် ရွေးချယ်ထားသော ဖြစ်ရပ်များအားလုံးသည် အရည်အသွေးစံပြု တွေ့ဆုံမေးမြန်းမှုတစ်မျိုးထဲ သာမကဘဲ နစ်နာသူများ သို့မဟုတ် သူတို့၏ မိသားစုဝင်များ၊ သက်ဆိုင်ရာအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် အချက်အလက်စုဆောင်းသူများက ရရှိသော ဓာတ်ပုံများနှင့် မီဒီယာများ၏ သတင်းများကို လေ့လာထားခြင်းဖြစ်ရာ မှန်ကန်တိကျကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။ ဤဆန်းစစ်တင်ပြချက်သည် အဖြစ်အပျက်ဖြစ်စဉ်နှင့် ၎င်း၏အကျိုးသက်ရောက်မှုကိုသာ ဖော်ပြတင်ပြခြင်းဖြစ်ပြီး ထိုဖြစ်ရပ် တခုချင်းစီကို သီးခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့်/သို့မဟုတ် နိုင်ငံတကာရာဇဝတ်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်ပါ။

ဤလေ့လာဆန်းစစ်မှုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်အတွင်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာနှင့် လုံခြုံရေးအရ စိုးရိမ်ရခြင်းများရှိသောကြောင့် ကန့်သတ်ချက်များ ရှိနေပါသည်။ လက်ရှိဖြစ်ပွားနေသောပဋိပက္ခများနှင့် ပြင်းထန်သော နိုင်ငံရေးဖိနှိပ်မှုများအကြားတွင် ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း ညီမျှခြင်းမြန်မာသည် အချက်အလက်အတည်ပြုခြင်း လုပ်ငန်းစဉ်ကို တတ်နိုင်သမျှ စေ့စေ့စပ်စပ်လုပ်ဆောင်ခဲ့ပါသည်။ ညီမျှခြင်းမြန်မာအနေဖြင့် နေရာတိုင်းကို လက်လှမ်းမီစေရန် တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ခဲ့စဉ် တချို့ပထဝီဝင်နေရာများအား တခြားနေရာများထက် ပိုမို လွှမ်းခြုံနိုင်ခဲ့သည့်အတွက် အချို့ဒေသမှ

ကျူးလွန်ချိုးဖောက်မှုများကို အခြားဒေသများထက် ပိုမို၍ တင်ပြနိုင်ခြင်း ဖြစ်စေနိုင်ပါသည်။ မှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်၌ မူရင်းအချက်အလက်များကို စုဆောင်းသည့်အပြင် အမျိုးမျိုးသော အချက်အလက် အရင်းအမြစ်အားလုံးကို စောင့်ကြည့်လေ့လာရန် ကြိုးစားနေသော်လည်း မကြာခဏဆိုသလို ပဋိပက္ခများအတွင်း အထောက်အထားများ ဖျက်ဆီးခံရခြင်းကြောင့် မှတ်တမ်းတင်ထားသော ဖြစ်စဉ်များစွာတွင် အသက်၊ ကျား/မနှင့် ကျူးလွန်သူစသည့် အချက်အလက်များကို အတည်ပြုနိုင်ခြင်းမရှိသည့် လိုအပ်ချက် အနည်းငယ်ရှိနေသေးသည်။ ဤကန့်သတ်ချက်များသည် ကျူးလွန်ချိုးဖောက်မှုများနှင့် ၎င်းတို့၏အကျိုးသက်ရောက်မှုကို အပြည့်အဝ ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန် အတားအဆီး ဖြစ်စေပါသည်။

# ခြုံငုံလေ့လာတွေ့ရှိချက်များ

- ၂၀၂၁ ခုနှစ် ဇူလိုင်လနှင့် ၂၀၂၃ ခုနှစ် မတ်လအကြားတွင် စစ်တပ်နှင့် ၎င်း၏ အပေါင်းအပါများ ကျူးလွန်ခဲ့သော ဖြစ်စဉ်[10] ပေါင်း ၄၄၁ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အရပ်သားပြည်သူ[11] ၁၃၆၃ ဦး သေဆုံးခဲ့ကြောင်း တွေ့ရှိခဲ့သည်။

- ထိုအရပ်သား သေဆုံးမှုများ၏ အများစုဖြစ်သည့် ၅၅% မှာ အရွယ်ရောက်ပြီးသူ အမျိုးသားများ ဖြစ်ကြကြောင်း စိစစ်တွေ့ရှိခဲ့သည်။ ၁၀% မှာ အမျိုးသမီးများ ဖြစ်ကြပြီး အရပ်သား သေဆုံးမှု စုစုပေါင်း၏ ၇% မှာမူ အသက် ၁၈ နှစ်အောက် ကလေးများ ဖြစ်ကြသည်။

- မှတ်တမ်းများအရ အများဆုံးအသုံးပြုခဲ့သော သတ်ဖြတ်မှု နည်းလမ်းမှာ သေနတ်ဖြင့် ပစ်သတ်မှုဖြစ်ပြီး သေဆုံးသူစုစုပေါင်း ၂၇၂ ဦးရှိခဲ့ကာ၊ မီးလောင်မှုနှင့် ဆက်စပ်သေဆုံးမှုမှာ ဒုတိယအဖြစ်အများဆုံး အကြောင်းရင်းဖြစ်ပြီး သေဆုံးသူဦးရေ ၆၄ ဦးထိ ရှိခဲ့သည်။ သို့သော်လည်း အချို့သောကိစ္စများတွင် ထိန်းသိမ်းခံထားရစဉ် သေဆုံးခြင်း သို့မဟုတ် တိုက်ခိုက်မှုအတွင်း သေဆုံးမှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များ ရရှိနိုင်မှု နည်းပါးခြင်းကြောင့် ကျန်နေသောအမှုပေါင်း (၉၄၉) မှုတွင် မည်သို့မည်ပုံသတ်ဖြတ်ခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

- ဖြစ်စဉ် ၁၃ ခုမှာ စာသင်ကျောင်းတစ်ကျောင်းကို တိုက်ခိုက်မှုအတွင်း ဖြစ်ပွားခြင်းဖြစ်ပြီး၊ အခြားဖြစ်စဉ် ၇ ခုတွင် ကျူးလွန်ခံရသူ (များ) မှာ စစ်ဘေးရှောင်ပြည်သူ (IDP) များ ဖြစ်သည်။

- အရပ်သားပြည်သူများအား သတ်ဖြတ်သည့် ဖြစ်စဉ်များစွာသည် တိုက်ပွဲများ အတွင်းဖြစ်ပွားခဲ့သလို အရပ်သားပြည်သူများကို သိသိသာသာတိုက်ရိုက်ပစ်မှတ်ထား

[10] ဖြစ်စဉ်များ ဆိုသည်မှာ အရပ်သားပြည်သူများ သတ်ဖြတ်ခံရခြင်းနှင့် လက်နက်ကိုင်အုပ်စုများ သေဆုံးခြင်း ပါဝင်နိုင်သော အဖြစ်ပျက်တခုကို ဆိုလိုသဖြင့် ဖြစ်စဉ်တခုတွင် ကျူးလွန်ခံရသူ များစွာ ရှိနိုင်သည်။

[11] "အရပ်သားပြည်သူ" ဆိုသည်မှာ စစ်တပ် သို့မဟုတ် အခြားလက်နက်ကိုင်အဖွဲ့များ၏ အစိတ်အပိုင်းမဟုတ်သော တဦးတယောက်စီကို ရည်ညွှန်းသည်။ ထိုထဲတွင် လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် လက်နက်ရေးရာတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ပါဝင်သည်။

လေကြောင်းတိုက်ခိုက်ခြင်း၊ ရွာများကို မီးရှို့ခြင်းနှင့် အရပ်သားပြည်သူများအား ပစ်ခတ်ခြင်းများကြောင့် အရပ်သားပြည်သူအား ရည်ရွယ်ချက်ရှိရှိဖြင့် မမျှတစွာ ထိခိုက်မှုများ ဖြစ်စေခဲ့သည်။ ဤဖြစ်ရပ်အတော်များများတွင် အခြားချိုးဖောက်မှုများလည်း တွဲဖက်ပါဝင်နေသည်။ ဤနည်းပရိယာယ်များသည် ဆယ်စုနှစ်များစွာ လူမျိုးစုဒေသများတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း ၎င်းတို့ အမြဲအသုံးပြုခဲ့သည့် နည်းပရိယာယ်များကို ဆက်လက်အသုံးပြုခြင်းဖြစ်ပြီး အချက်အလက်နှင့် တရားဥပဒေပိုင်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ ထပ်လောင်းဆောင်ရွက်ပါက အချို့သောဖြစ်စဥ်များမှာ စစ်ရာဇဝတ်မှုမြောက်ကြောင်း တွေ့ရှိနိုင်ပါသည်။

- အခြားအရပ်သားပြည်သူများကို သတ်ဖြတ်သည့် ကိစ္စရပ်အများအပြားမှာ ချုပ်နှောင် ထိန်းသိမ်းထားခြင်း နှင့်/သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ခြင်းတို့နှင့် ဆက်စပ်ဖြစ်ပွားလျက်ရှိပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို အင်အားအလွန်အကျွံအသုံးပြုကာ ဖိနှိပ်ခြင်း၊ နိုင်ငံရေး အတိုက်အခံများကို ရာဇဝတ်သားများပမာ သတ်မှတ် ပြုမူဆက်ဆံခြင်း၊ ပြည်သူ့စစ်များ အသုံးပြုခြင်း၊ (ထိန်းသိမ်း) စစ်ကြောရေးစခန်းများအတွင်း ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ခြင်းများ ဆက်လက်ဖြစ်ပွားနေပါသည်။ ဤနည်းပရိယာယ်များသည် နိုင်ငံရေးအတိုက်အခံ လက်နက်မဲ့ အရပ်သားပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခြင်းဟုတ်မဟုတ် ရှာဖွေတွေ့ရှိခြင်းအပါအဝင် အခြားအချက်အလက်များပေါ် မူတည်၍ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု မြောက်နိုင်ပါသည်။

# အရေအတွက်စံပြုရှာဖွေတွေ့ရှိချက်များ

၂၀၂၁ ခုနှစ် ဇူလိုင်လနှင့် ၂၀၂၃ ခုနှစ် မတ်လအကြားတွင် မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါများက ကျူးလွန်ခဲ့သော ဖြစ်စဉ်[12] ပေါင်း ၄၄၁ ခုနှင့် အရပ်သားပြည်သူ[13] ၁၃၆၃ ဦး သေဆုံးမှုကို မှတ်တမ်းတင်ထားပါသည်။ အရပ်သားသေဆုံးမှု၏ (၅၅%၊ အရေအတွက်အားဖြင့် ၇၃၈ ဦး) သည် အရွယ်ရောက်ပြီးသူ အမျိုးသားများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ၁၀% (အရေအတွက်အားဖြင့် ၁၄၃ ဦး) သည် အမျိုးသမီးများဖြစ်ပြီး စုစုပေါင်း အရပ်သားသေဆုံးမှု၏ ၇% (အရေအတွက်အားဖြင့် ၉၆ ဦး) သည် အသက် ၁၈ နှစ်အောက် ကလေးများဖြစ်ကြသည်။ ကျန်အမှုဖြစ်စဉ် ၂၈% အတွက် ကျူးလွန်ခံရသူ၏ လိင်အမျိုးအစား (ကျား-မ) ကို အတည်ပြုနိုင်ခြင်း မရှိပါ။ ထို့အပြင် မသန်စွမ်းသူများ သတ်ဖြတ်ခံရသည့် ဖြစ်ရပ် ၁၀ ခုလည်းရှိခဲ့သည်။

| နစ်နာသူများ | စုစုပေါင်းဦးရေ |
|---|---|
| အမျိုးသား | ၇၄၈ |
| အမျိုးသမီး | ၁၄၃ |
| ၁၈နှစ်အောက် ကလေးသူငယ် | ၉၆ |
| ကျား/မ အတည်မပြုနိုင်ခြင်း | ၃၇၆ |
| စုစုပေါင်း နစ်နာသူ | ၁၃၆၃ |


*ဇယား ၁ - ကျား/မနှင့် ကလေးသူငယ် သေဆုံးသူများ*

| နစ်နာသူများ | စုစုပေါင်းဦးရေ |
|---|---|
| မသန်စွမ်းသူများ | ၁၀ |

*ဇယား ၂- သေဆုံးသူ မသန်စွမ်းသူများ*

[12] ဖြစ်စဉ် ဆိုသည်မှာ အရပ်သားပြည်သူများ သတ်ဖြတ်ခံရခြင်းနှင့် လက်နက်ကိုင်အုပ်စုများ သေဆုံးခြင်း ပါဝင်နိုင်သော အဖြစ်အပျက်တခုကို ဆိုလိုသဖြင့် ဖြစ်စဉ်တခုတွင် ကျူးလွန်ခံရသူ များစွာ ရှိနိုင်သည်။

[13] အရပ်သားပြည်သူ ဆိုသည်မှာ စစ်တပ် သို့မဟုတ် အခြားလက်နက်ကိုင်အဖွဲ့များ၏ အစိတ်အပိုင်းမဟုတ်သော တဦးတယောက်စီကို ရည်ညွှန်းသည်။ ထိုထဲတွင် လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် လက်နက်ရေးရာတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ပါဝင်သည်။




*ပုံ ၁ - ကျား/မနှင့် ကလေးနှင့် ကျား/မ အတည်မပြုနိုင်သော သေဆုံးသူများကို ရာခိုင်နှုန်းဖြင့် ပြသခြင်း*

အရပ်သားပြည်သူများ သတ်ဖြတ်ခံရသည့် ဖြစ်ရပ်များကို နိုင်ငံတဝှမ်းတွင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဖြစ်စဉ်အများစုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံး ဖြစ်ပွားခဲ့သည်။ ထိုဒေသများအတွင်း လက်နက်ကိုင် တော်လှန်ရေး လှုပ်ရှားမှုများ ပြင်းထန်လျက်ရှိပြီး ညီမျှခြင်းမြန်မာအနေဖြင့် မှတ်တမ်းပြုစုလွမ်းခြုံနိုင်မှု အားအကောင်းဆုံးဒေသများ ဖြစ်သည်။ ထိုဒေသများ နောက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် ဖြစ်ပွါးမှုနှုန်း အများမှအနည်းသို့ အစဉ်လိုက် ရပ်တည်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် ဆယ်စုနှစ်များစွာကြာ ပဋိပက္ခများကို တောက်လျှောက်ခံစားလာခဲ့ကြရသော တိုင်းရင်းသားပြည်နယ်များသည် ယခုအာဏာသိမ်းပြီးနောက်တွင်လည်း ထိုဒဏ်ကို ဆက်လက်ခံစားနေကြရဆဲဖြစ်ပြီး ယင်းပြည်နယ်များ အားလုံးနှင့် ကော့ဘဇားရှိ ရိုဟင်ဂျာဒုက္ခသည်များကြားတွင် အရပ်သားသေဆုံးမှုများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် မှတ်တမ်းတင်ထားသော သတ်ဖြတ်မှုများအကြား မတူညီသောကွဲလွဲမှုများမှာ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်၏ လွှမ်းခြုံနိုင်မှုအခြေအနေ ကွာဟမှုများကြောင့် ဖြစ်နိုင်ပြီး အခြားသော သတင်းရင်းမြစ်များကလည်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အလားတူ သတ်ဖြတ်မှု အများအပြား ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့က ထိုနောက်တွင် အစဉ်လိုက် ရပ်တည်နေသည်ကို တွေ့ရသည်။


# သတ်ဖြတ်မှု ကျူးလွန်ခဲ့ပုံ နည်းလမ်းများနှင့် အခြေအနေများ

ပြီးခဲ့သည့် နှစ်နှစ်အတွင်း ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းနှင့် အခြားအခြေအနေများတွင် သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်များဖြင့် ပစ်ခတ်ခြင်း၊ ဓားဖြင့် ထိုးသတ်ခြင်း စသည့် လုပ်ရပ်များဖြင့် အရပ်သားများကို သတ်ဖြတ်ခဲ့ပြီး အချို့သော သတ်ဖြတ်သည့်နည်းလမ်းကို မှတ်တမ်းတင်အတည်ပြုဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။[14] သတ်ဖြတ်ရာတွင် သေနတ်ဖြင့် ပစ်သတ်ခြင်းသည် အသုံးအများဆုံးနည်းလမ်းဖြစ်ပြီး ၎င်းနောက်တွင် အရှင်လတ်လတ် မီးရှို့သတ်ခြင်း သို့မဟုတ် သတ်ဖြတ်ပြီးနောက် မီးရှို့ခြင်းမှာ ဒုတိယအများဆုံးသုံးသော နည်းလမ်း ဖြစ်သည်။ ထို့အပြင် ထိုကဲ့သို့သတ်ဖြတ်မှု ၄၄၁ မှုမှ ဖြစ်စဉ်နှစ်ဆယ်သည် စာသင်ကျောင်းများ၊ စစ်ဘေးရှောင် (IDP) များအခြေချနေထိုင်ရာ နေရာများ အပါအဝင် ထိခိုက်လွယ်သောနေရာများသို့ ပစ်မှတ်ထားတိုက်ခိုက်ခံရသော ဖြစ်စဉ်များဖြစ်သည်။ ထိုအကြမ်းဖက်မှု အများစုသည် သီးသန့်ကျူးလွန်သည့် ဖြစ်ရပ်များမဟုတ်ပဲ မီးရှို့ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိန်းပြုကျင့်ခြင်း သို့မဟုတ် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်း နှင့်/သို့မဟုတ် အဓမ္မပေါ်တာ စေခိုင်းခြင်းဖြစ်စဉ်များနှင့် တစ်ဆက်တည်း ဖြစ်ပွားလေ့ရှိကြောင်း မှတ်တမ်းများက တွေ့ရှိခဲ့ပါသည်။

ယင်းတို့အထဲတွင် သတ်ဖြတ်မှုအတွက် အသုံးအများဆုံးသောနည်းလမ်းမှာ သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခြင်းဖြစ်ပြီး အရပ်သားသေဆုံးမှု စုစုပေါင်း ၂၇၂ ဦး (ပုံ ၂) အထိရှိခဲ့သည်ကို မှတ်တမ်းတင်ထားသည်။ အများစုမှာ ဦးခေါင်းကို ပစ်ခတ်ခံရပြီး အချို့မှာ မြို့ကြီးများတွင် လက်ဖြောင့်သေနတ်သမားက ခေါင်းတည့်တည့်ကို ချိန်ရွယ်ပစ်ခတ်သတ်ဖြတ်ခံရခြင်း ဖြစ်သည်။ မီးရှို့သတ်ဖြတ်မှုကြောင့် သေဆုံးမှုမှာ ဒုတိယအများဆုံးဖြစ်ပြီး သေဆုံးသူ ၆၄ ဦးရှိပါသည်။ အချို့မှာ အရှင်လတ်လတ် မီးရှို့ခံရပြီး အချို့မှာ အသတ်ခံရပြီးမှ အလောင်းများကို မီးရှို့ခဲ့ကြောင်း အစီရင်ခံကြသည်။ ထို့အပြင် အရပ်သား ၃၅ ဦးမှာ ခေါင်းဖြတ်သတ်ခံခဲ့ရသည်။ လက်နက်ကြီး ထိမှန်သေဆုံးသူ ၂၈ ဦးနှင့် မုဒိမ်းကျင့်သတ်ဖြတ်ခြင်းခံရသူ ၁၅ ဦး ရှိကြောင်း ရေတွက်နိုင်ခဲ့သည်။ သေဆုံးရသည့် အကြောင်းရင်း မသိရသေးသောဖြစ်စဉ်များထဲမှ အများစုမှာ ထိန်းသိမ်းခံနေရစဉ်အတွင်း

[14] အချို့ဖြစ်စဉ်များသည် အမျိုးမျိုးသော သတ်ဖြတ်ပုံနည်းလမ်းများ အသုံးပြုခဲ့သည်ကို မှတ်တမ်းတင်ထားသောကြောင့် အချို့နည်းလမ်းများ ထပ်နေခြင်းရှိသည်။


သို့မဟုတ် ဖမ်းဆီးခံရခြင်းများနှင့် ဆက်စပ်၍ သေဆုံးခဲ့ကြခြင်းဖြစ်ပြီး ထိုသေဆုံးမှု အခြေအနေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရယူနိုင်ခြင်းမရှိခဲ့ပါ။




*ပုံ ၂ - သတ်ဖြတ်သည့် နည်းလမ်းများ*

## စာသင်ကျောင်းများနှင့် စစ်ဘေးရှောင် ပြည်သူ (IDP) များကို တိုက်ခိုက်ခြင်းများ

အရပ်သားများအား သတ်ဖြတ်ခြင်းကို မှတ်တမ်းတင်ထားသော ဖြစ်စဉ် ၄၄၁ ခုအနက်မှ အချို့ဖြစ်စဉ်များမှာ စာသင်ကျောင်းများနှင့် စစ်ဘေးရှောင် (IDP) စခန်းများ သို့မဟုတ် စစ်ရှောင်များ အခြေချနေထိုင်ရာ နေရာအပါအဝင် ထိခိုက်လွယ်သောနေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ ကြောင့်ပင် ဖြစ်သည် (ပုံ ၃)။ ဖြစ်စဉ် ၁၃ ခုမှာ ကျောင်းတစ်ကျောင်းကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပွားခဲ့ပြီး၊ နောက်ထပ်ဖြစ်စဉ် ၇ မှုတွင် ကျူးလွန်ခံရသူ (များ) မှာ IDP များဖြစ်သည်။ ယင်းဖြစ်စဉ်များသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းဒေသတို့တွင် ဖြစ်ပွားခဲ့ပါသည်။





*ပုံ ၃။ ပစ်မှတ်ထား တိုက်ခိုက်ခံရသော နေရာအမျိုးအစားများ*

## ကျူးလွန်သူအမျိုးအစားများ

မှတ်တမ်းတင်ထားသော သတင်းများ၊ ထိခိုက်ခံစားရသူ လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများ၊ သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့များ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ယခုအစီရင်ခံစာတွင် ၂၀၂၁ မှ ၂၀၂၃ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသော အရပ်သားများအား သတ်ဖြတ်သည့် အမှုပေါင်း ၄၄၁ မှမှ အချို့သောအမှုများတွင် ကျူးလွန်ခဲ့သူများ၏ အချက်အလက်များ ကို မှတ်တမ်းတင်ခဲ့သည်။ မြန်မာစစ်တပ်သည် နိုင်ငံတဝှမ်းတွင် ပုံစံအမျိုးမျိုးဖြင့် လူအခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ထားပြီး အရပ်သား အများအပြားသတ်ဖြတ်ခံရမှု စုစုပေါင်းအရေအတွက် ၄၄၁ ခုအနက် အမှုပေါင်း ၃၇၉ အတွက် တာဝန်ရှိသည်ကို တွေ့ရှိခဲ့ပါသည် (ပုံ ၄)။ အရပ်သားများအား သတ်ဖြတ်မှု ၃၆ မှုကို ကျူးလွန်သည့် ဒုတိယအုပ်စုမှာမူ “ပျူစောထီး”များ ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့သည် စစ်တပ်ကို ထောက်ခံသည့် လက်နက်ကိုင်ဆောင်ထားကြသူများဖြစ်ကြပြီး၊ အများစုမှာ စစ်သွေးကြွနေကြသည့် စစ်မှုထမ်းဟောင်းများနှင့် အစွန်းရောက်ဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီများ ဖြစ်ကြသည်။ ၎င်းတို့အား စစ်တပ်ဆန့်ကျင်သူများကို တုန့်ပြန်ရန် မြန်မာစစ်တပ်က ရည်ရွယ်ချက်ရှိရှိ စုဆောင်းထားခြင်းဖြစ်ပြီး၊ အရပ်သားများကို ဖိနှိပ်ရန်နှင့် PDF များကို တိုက်ခိုက်ရာတွင် ကူညီရန် ပျူစောထီးများက လူအင်အားများ

ပံ့ပိုးပေးကြသည်။[15] တတိယအများဆုံး ကျူးလွန်သူများမှာ ၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် မတ်လအတွင်း အရပ်သားများအား သတ်ဖြတ်မှု ၁၂ မှု ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်သည်။ ဤအချက်အလက်များတွင် စစ်ဘက်နှင့်မသက်ဆိုင်သော အစုအဖွဲ့များက ကျူးလွန်ချိုးဖောက်မှုများလည်း ပါဝင်နိုင်ကြောင်း သံသယရှိသော်လည်း အလုပ်အဖွဲ့က သတင်းအချက်အလက်များကို အတည်ပြုနေဆဲပင် ဖြစ်ပါသည်။ ယခုအချိန်အထိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တစ်ခုက ကျူးလွန်သည်ဟု စွပ်စွဲထားသော ဖြစ်စဉ် ၂ ခုကို ညီမျှခြင်းမြန်မာက မှတ်တမ်းတင်ခဲ့ပါသည်။ ကျန်ဖြစ်စဉ်များအား ကျူးလွန်ခဲ့သူများကိုမူ မသိရသေးပါ။




*ဇယား ၄။ ကျူးလွန်သူ အမျိုးအစားများ*

15 Progressive Voice. (2022) ပျူစောထီးများ ပေါ်ပေါက်လာခြင်း၊ ပိုမိုသိရှိရန် https://progressivevoicemyanmar.org/2022/03/12/the-rising-of-pyu-saw-htee/ ကိုကြည့်ပါ

# ရွေးချယ်ထားသော အမှုဖြစ်စဉ် လေ့လာမှုများ

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် မတ်လအထိ စစ်တပ်နှင့် ၎င်း၏အပေါင်းအပါမဟာမိတ်များက အရပ်သားပြည်သူများကို သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ပုံစံများကို သရုပ်ဖော်ရှင်းလင်းပြသရန်အတွက် ဖြစ်စဉ်ငါးခုကို ရွေးချယ်ခဲ့သည်။ အရပ်သားပြည်သူများအပေါ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများမှာ မည်မျှဆိုးရွားပြင်းထန်ကြောင်းနှင့် ထိုတိုက်ခိုက်မှုများကြောင့် သက်ရောက်ထိခိုက်မှုများကို အဆိုပါဖြစ်စဉ်များက ဖော်ပြနေပါသည်။ ဤဖြစ်ရပ်ငါးခုကို ရွေးချယ်ရာတွင် ခိုင်မာလုံလောက်သော မှတ်တမ်းတင်ထားရှိမှု၊ သတင်းရင်းမြစ်များစွာမှ ထွက်ဆိုမှုများကို မှန်ကန်ကြောင်း အတည်ပြုနိုင်မှုအပေါ် အခြေခံ၍ ရွေးချယ်ထားခြင်းဖြစ်ပြီး၊ ဆက်စပ်ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားရာ နေ့စွဲအစီအစဉ်အတိုင်း တင်ပြသွားမည်ဖြစ်ပါသည်။

## ဖြစ်စဉ် ၁ - မန္တလေးတိုင်းဒေသကြီး တောင်သာနှင့် နွားထိုးကြီး မြို့နယ်တို့တွင် ဖမ်းဆီးခံရပြီးနောက် မသင်္ကာဖွယ်သေဆုံးမှု

NLD ပါတီဝင်ဟောင်းတစ်ဦးဖြစ်သည့် ကိုမြ[16] သည် သူ၏ ရပ်ကွက်အိမ်နီးချင်းများ၏ ကလေးများအား အခမဲ့ပညာသင်ကြားပေးလျက်ရှိသူတဦး ဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့

[16] နစ်နာသူများ၊ ဆက်စပ် မိသားစုဝင်များနှင့် ရွာသူရွာသားများအားလုံး၏ အမည်များကို အမည်လွှဲများဖြင့် ဖော်ပြထားသည်။

မွန်းလွဲပိုင်းတွင် စာသင်ကြားနေသည့် ကိုမြသည် ယူနီဖောင်းဝတ်ဆင်ထားခြင်းမရှိသော လက်နက်များကိုင်ဆောင်ထားကြသည့် လူတစ်စု၏ မတရားဖမ်းဆီးခေါ်ဆောင် ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ ကိုမြအား အကျဉ်းချုံးစစ်ဆေးမေးမြန်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။ ပြစ်မှုကျူးလွန်သူများသည် တောင်သာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး လိုင်စင်နံပါတ်ပြား အမှတ်အသား ပါရှိသော မော်တော်ယာဉ်တစ်စီးနှင့် ရောက်ရှိလာခြင်းဖြစ်ပြီး ကိုမြ၏ နေအိမ်အနီးရှိ ဝင်ပေါက်မှတဆင့် နေအိမ်တွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။ သူ၏ မိသားစုဝင်များ၏ ပြောကြားချက်အရ သူတို့သည် အရပ်ဝတ် အဝတ်အစားများသာ ဝတ်ဆင်လာကြပြီး အရွယ်အစားအမျိုးမျိုးရှိသော လက်နက်များကို ကိုင်ဆောင်လာကြသည်။ ကိုမြကို ဖမ်းဆီးသွားပြီးနောက် ထိုမော်တော်ယာဉ်မှာ အုပ်ချုပ်ရေးမှူးရုံးအတွင်းသို့ ဝင်ရောက်သွားသည်ကို မြင်တွေ့ခဲ့ကြသည်။

ထိုနေ့ ညသန်းခေါင်ချိန်တွင် နောက်ထပ်ကျူးလွန်ခံရသူတစ်ဦးဖြစ်သူ ကိုကျော်အား အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ သူ၏ မိသားစုဝင်များ၏ ပြောကြားချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ နံနက် ၁၂ နာရီခန့်အချိန်တွင် အရပ်ဝတ် အဝတ်အစားများဖြင့် လူ ၅ ဦးပါ အုပ်စုတစ်စု နေအိမ်သို့ရောက်ရှိလာပြီး ကိုကျော်အား ဖမ်းဆီးခေါ်ဆောင်သွားသည် ဟုဆိုသည်။ ကားအတွင်းသို့ အပြင်ဘက်မှထွင်းဖောက် မမြင်ရသော်လည်း ရင်းနှီးသောမျက်နှာအချို့ ပါဝင်ကြောင်း မိသားစုဝင်က အတည်ပြုပြောဆိုခဲ့သည်။ သို့သော်လည်း ဖမ်းဆီးခံရခြင်း၏ နောက်ကွယ်မှ အကြောင်းရင်းကို မသိခဲ့ရပေ။ ***"ကျွန်မကတော့ ကြမ်းကြမ်းတမ်းတမ်းတွေလာဖမ်းသွားတော့ အကြမ်းဖက်သမားတွေလို့ ပဲ သတ်မှတ်တယ်။"*** ဟု သေဆုံးသူ၏ မိသားစုဝင်က ပြောသည်။

ကိုမြ ထိန်းသိမ်းခံရပြီးနောက်တွင် မိသားစုဝင်များအား သူ၏တည်နေရာကို အကြောင်းကြားခြင်း လုံးဝမရှိခဲ့ဘဲ တွေ့ဆုံခွင့်ရလျှင်သာ သူတို့အား အသိပေးမည်ဟု အုပ်ချုပ်ရေးမှူးက မိသားစုဝင်များအား ကတိပြုခဲ့သည်။ အောက်တိုဘာလ ၄ ရက်နေ့ နံနက်တွင် အပြစ်မဲ့အရပ်သားများအား သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှုကြောင့် ကိုမြအား ကွပ်မျက်ခဲ့သည်ဟုရေးသားသော စစ်တပ်အား ထောက်ခံသည့် တယ်လီဂရမ် (telegram) ပေါ်တွင် မျှဝေနေကြသည့် သတင်း၏ ဖန်သားခတ်ပုံကို မိသားစုဝင်တစ်ဦးက လက်ခံရရှိခဲ့သည်။ သူမက အောက်ပါအတိုင်းရှင်းပြသည်။ ***"ကိုမြအသတ်ခံရတယ်ဆိုပြီး စစ်တပ်ဘက်က တယ်လီဂရမ်ကနေတင်ထားတယ်။ ဘယ်သူမှ မသိကြသေးဘူး၊ တောင်သာမှာနေတဲ့ အကိုလည်း မသိဘူး၊ ဒီမှာနေတဲ့ လူတွေလည်း မသိဘူး။ အဲဒီအဖွဲ့အစည်းက ညီမကိုဖုန်းဆက်တာပေါ့နော်။ အဲဒီတော့မှ ညီမတို့က စုံစမ်းတာပေါ့နော်၊ အဲဒီတော့မှ တောင်သာက အကိုကို လှမ်းဆက်တော့.. ဟုတ်လား... တို့လည်း မသိဘူး၊ အလယ်ချိုင်းလမ်းခွဲမှာတော့ အလောင်းတစ်လောင်းချထားတယ်။"*** သေဆုံးနေသည့် ရုပ်အလောင်းကို

ရွာသားများက နံနက် ၇ နာရီ ဝန်းကျင်အချိန်တွင် တွေ့ရှိခဲ့သည်။ ဤသည်မှာ မိသားစုဝင်များအနေဖြင့် သူတို့၏ မိသားစုဝင်တဦး သေဆုံးခြင်းအား အကြောင်းကြားခံရသည့် ပုံစံဖြစ်သည်။

ဓားနှင့် အချက်များစွာ ထိုးခံခဲ့ရသည့် ဒဏ်ရာများဖြင့် ရုပ်အလောင်းကို တွေ့ရှိခဲ့ရပြီး အနက်ရောင်အဝတ်စဖြင့် မျက်နှာကို ဖုံးအုပ်ထားသော်လည်း မျက်မြင်သက်သေများက သေဆုံးသူ၏ ခန္ဓာကိုယ်ပုံသဏ္ဍာန်ကို အခြေခံ၍ သေဆုံးသူမှာ ကိုမြ ဖြစ်သည်ဟု ဖော်ထုတ်နိုင်ခဲ့သည်။ လုံခြုံရေးတင်းကျပ်မှုကြောင့် တောင်သာမြို့ဆေးရုံကလည်း ထပ်မံစစ်ဆေး အတည်ပြုနိုင်ခြင်းမရှိဘဲ သေဆုံးသူ၏မျက်နှာကိုလည်း ဖုံးကွယ်ထားဆဲဖြစ်သည်။ ထို့အပြင် အလောင်း၏ တည်နေရာနှင့် ပတ်သက်ပြီး မိသားစုအား တရားဝင် အသိပေးခြင်း မရှိဘဲ ဆေးရုံရှိ သူ၏ အခြေအနေကိုလည်း လုံးဝသိခွင့်မရခဲ့ပေ။

အခြားသေဆုံးသူဖြစ်သည့် ကိုကျော်၏ မိသားစုကလည်း သူသေဆုံးကြောင်းကို အလားတူ နည်းလမ်းဖြင့် သိရှိခဲ့ရသည်။ သူ၏ ရုပ်အလောင်းကို အခြားရုပ်အလောင်း ၃ လောင်းနှင့်အတူ နေအိမ်မှ ပေ ၁၀၀၀ ခန့်အကွာတွင် စွန့်ပစ်ထားကြောင်း အောက်တိုဘာ ၄ ရက် နံနက်တွင် ကိုဇင်မင်း၏ ဇနီးဖြစ်သူက တွေ့ရှိခဲ့သည်ဟုဆိုသည်။ သူ၏ မိသားစုဝင်တစ်ဦးက ***"ဗိုက်ကိုလည်းဓါးနဲ့ထိုးထားတယ်၊ တိုးလျှိုပေါက်။ လည်ပင်းမှာလည်း တည်းတည်းပဲကျန်တယ်ဖြတ်ထားတာ။ ရင်ဘတ်မှာလည်း အရေကိုလှန်ပြီး ဆိတ်စွထားတာ ရဲ့တောက်နေတာပဲ၊ မျက်နှာ မှာလည်း ခြစ်ထားတယ်။"*** ဟု ပြောဆိုခဲ့သည်။ ကိုကျော်၏ ရုပ်အလောင်းအား အခကြေးငွေ ကျပ် ၁၀,၀၀၀ ပေး၍ ရွေးယူခဲ့ရပြီးနောက် ချက်ချင်းမီးသင်္ဂြိုဟ်ခဲ့ရသည်။

မိသားစုဝင်များသည် မတရားစွပ်စွဲ၍ သတင်းပို့ခံရမည်ကို ကြောက်ရွံ့သောကြောင့် ရွာသို့ပြန်ရမည်ကို ကြောက်လန့်နေကြောင်း မိသားစုဝင်တစ်ဦးက ပြောပြသည်။ ဤအဖြစ်အပျက်တခုလုံးကို ကြိုတင်စီစဉ်ထားသည်ဟု သံသယရှိပြီး၊ သူတို့၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ပြီး တရားမျှတမှုလည်း မရှိကြောင်း အောက်ပါအတိုင်း ပြောပြသည်။ ***"ဒါကြီးက သက်သက်လူတစ်ယောက်ကို အကွက်ကျကျပြန်ပြီး တုန့်ပြန်တာပေါ့။ ဒါတွေက ကျွန်တော်တို့ပြည်သူ ပြည်သားတွေ ခံရခက်တာပေါ့။ ဒီဟာတွေကို အကာအကွယ်မဲ့နေတယ်။ ကျွန်တော်တို့ ကျန်နေတဲ့ လူတွေက ဒီအတိုင်းပဲခံနေရမှာလား။ ဘယ်သူကအကာအကွယ်ပေးမှာလဲ။ ဒီအတိုင်းပဲခံနေရမှာလား"***။ သီးခြားတွေ့ဆုံမေးမြန်းမှု တစ်ခုတွင် အခြားမိသားစုဝင်တစ်ဦးက သူမ၏ဒေါသကို ထုတ်ဖော်ပြောဆိုကာ တရားမျှတမှုကို တောင်းဆိုခဲ့သည်။ ***"မှန်ကန်တဲ့အရေးယူမှုနဲ့ မှန်ကန်တဲ့ တရားဥပဒေလိုချင်ပါတယ်ရှင့်။ ကျွန်မ မကျေနပ်ဘူးရှင့်"***။

# ဖြစ်စဉ် ၂ - စစ်ကိုင်းတိုင်းဒေသကြီး၊ တာတိုင်ကျေးရွာ အတွင်း မီးရှို့ဖျက်ဆီးခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း

ယခုဖြစ်ရပ်က စစ်ကိုင်းတိုင်းဒေသကြီး တာတိုင်ကျေးရွာတွင် မြန်မာစစ်တပ်၏ ရက်စက်ယုတ်မာသော တိုက်ခိုက်မှုကို ဖော်ပြထားသည်။ အဆိုပါ ဖြစ်စဉ်အတွင်းတွင် နေအိမ် ၃၇ လုံး ပျက်စီးခဲ့ရပြီး၊ အမျိုးသမီး ၃ ဦးအပါအဝင် အရပ်သား ၁၇ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ သေဆုံးသူ အမျိုးသမီးငယ်များသည် မသေဆုံးမီ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် မုဒိမ်းမှုများ ကျူးလွန် ခံခဲ့ရကြောင်း တွေ့ရှိခဲ့ရသည်။

ဖေဖော်ဝါရီ ၃ ရက်နေ့တွင် စစ်သား ၅၀ ကျော်သည် တာတိုင်ကျေးရွာ သို့ ဝင်ရောက်လာပြီး ကျေးရွာကို မီးရှို့ခဲ့ကြသည်။ ယင်းဖြစ်စဉ်ကြောင့် ကျေးရွာ၏ သုံးပုံနှစ်ပုံခန့် ပျက်စီးခဲ့ရသည်။ ထို့အပြင် ရွာသူရွာသား အများအပြားသည် အိုးအိမ်နှင့် ပစ္စည်းများ ဆုံးရှုံးခဲ့ရပြီး သူတို့၏ ရွာသို့ မပြန်နိုင်ကြတော့ပါ။ သူတို့သည် ခြောက်သွေ့ရာသီအတွင်း မြစ်ထဲတွင် ပေါ်ထွန်းလာသော သဲသောင်ကျွန်းများအနီး ယာယီတဲများတွင် ဒုက္ခသည်များအဖြစ် ခိုလှုံကြရသည်။

ကနဦးတိုက်ခိုက်မှုအပြီး တစ်လအကြာ မတ်လ ၁ ရက်နေ့ နံနက်တွင် စစ်သား ၈၀ ကျော်သည် PDF များအဖြစ် အယောင်ဆောင်ကာ ရွာထဲသို့ ဝင်ရောက်လာခဲ့ကြပြန်သည်။ အချို့က အရပ်ဝတ် အဝတ်အစားများ ဝတ်ဆင်လာကြပြီး တချို့က ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်။ ရွာလယ်ရှိ အိမ်တစ်အိမ်တွင် ရွာသား ၁၅ ဦးကို သီးခြားချုပ်နှောင်ထားပြီး စစ်သားများ စခန်းချထားသော ရွာဘုန်းကြီးကျောင်းအတွင်းတွင် လူ ၄၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။

နောက်တစ်နေ့နံနက်တွင် စစ်သားများသည် ရွာသားများ၏ မွေးမြူရေးတိရစ္ဆာန်များကို ဖမ်းဆီးကြပြီး ကြက်၊ ဝက်နှင့် နွားများအားလုံးကို သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ထိုစစ်သားများသည် ရွာသားများ ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းထားကြသော ပိုင်ဆိုင်မှုများကို ရှာဖွေသိမ်းဆည်းယူဆောင်သွားခဲ့ကြသည်။ ရွာသားတစ်ဦးက ***"ပြည်သူ့ရဲ့စည်းစိမ်တွေ၊ ပြည်သူ့ရဲ့ ရွှေ၊ ငွေတွေကို လုယက်ခိုးယူသွားတယ်၊ ဒီမှာနေတဲ့ ထိုင်တဲ့ အခါမှာလည်း ကြက်တွေ၊ ဝက်တွေ၊ နွားတွေ အကုန်လုံး သတ်ဖြတ်စားသောက် ပြီးတော့မှ၊ နောက်တစ်ခု တတ်ထိုင်တာတောင်မှ အိမ်ထဲက ကောင်းနိုးရာရာ မွေ့ယာတွေ၊ မွေ့ယာရာဆိုတာ အကောင်းတော့မဟုတ်ဘူးပေါ့၊ သူတို့လိုချင်တဲ့ ပစ္စည်းတွေဆွဲထုတ်ပြီးတော့မှ တကယ်ကို စရိုက်ကြမ်းစွာဆောင်ရွက်ခဲ့ပါတယ်"*** ဟု ပြောကြားခဲ့ပါသည်။

ရွာသူရွာသားများသည် ဘုန်းကြီးကျောင်းအဆောက်အဦး၏ တိုင်များတွင် ကြိုးတုပ်ခံရပြီး ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ PDF စစ်သားများနှင့် ဆက်နွယ်မှုရှိသည်ဟု စစ်သားများက သူတို့အား စွပ်စွဲကာ အကြမ်းဖက်ရိုက်နှက်မှုများ ပြုလုပ်ခဲ့သည်။ စစ်သားများ၏ စခန်းအတွင်း ညှင်းပန်းနှိပ်စက်မှုများကြောင့် ရွာသားအမျိုးသား သုံးဦး ဝမ်းနည်းပူဆွေးဖွယ်ရာ အသက်ဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ပြင်းထန်စွာညှင်းပန်းနှိပ်စက်မှုကြောင့် သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်၍ မရအောင်ပင် ဖြစ်ခဲ့ရသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများမှာ ရက်ရက်စက်စက်ပင် အပိုင်းပိုင်း ဖျက်ဆီးခံရပြီး သူတို့၏ ရင်ဘတ်များ ပွင့်နေကာ ခေါင်း၊ ခြေထောက်နှင့် လက်များကိုလည်း ဖြတ်တောက်ထားကြသည်။ မျက်မြင်သက်သေတစ်ဦးက ***"ရွာကဖမ်းထားတဲ့ လူငယ်နှစ်ယောက်ကိုလည်း သတ်ပစ်ခဲ့ပါတယ်။ သတ်တဲ့အခါမှာလည်း သူတို့အကုန်ရိုက်နှက် အကုန်ရစရာ မရှိအောင်ရိုက်နှက်ပြီး နောက်ဆုံး ဒီရွာသား တစ်ဦးနေတဲ့ အိမ်သူ့ရဲ့အိမ်ထဲမှာပဲ တုံးပေါ်မှာ လည်ပင်းကိုတင်ပြီးတော့မှ ဓားနဲ့ခုတ်ဖြတ်တယ်၊ ကျန်တဲ့တစ်ယောက်ကိုလည်း အဲ့ဒီလိုပဲဓားနဲ့ပဲခုတ်ဖြတ်ပြီးတော့မှ သတ်ဖြတ်ခဲ့တဲ့အနေအထားပါ"*** ဟု ပြောပြသည်။

နောက်တစ်နေ့ နံနက်တွင် စစ်သားများ ကျေးရွာမှ ပြန်လည်ထွက်ခွါရာတွင် အမျိုးသမီး ၃ ယောက် အပါအဝင် ရွာသား ၁၅ ယောက်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ဓားစာခံများသည် လမ်းခရီးတွင် ပြင်းထန်စွာ ညှင်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသည်။ ***"ဒီဓားစာခံခေါ်သွားတဲ့သူတွေကို နှိပ်စက်တယ်၊ ပြေးခိုင်းတာသူတို့ အရုပ်ကလေးကစားသလို သူတို့တွေပြေးခိုင်းလိုက်တယ်၊ ပြေးခိုင်းပြီး တော့မှ နောက်ကနေ သူတို့တွေ သေနတ်နဲ့ပစ်သတ်လိုက်ပါတယ်။"*** ဟု ရွာသားတစ်ဦးက ပြောသည်။ ဓားစာခံ ၁၅ ဦးစလုံးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဓားစာခံများထဲမှ အမျိုးသားများမှာ သူတို့၏ မျက်နှာများကိုပင် မမှတ်မိနိုင်သော အခြေအနေ ဖြစ်သည်။ ပါးစပ်များကို ဓားများဖြင့် လှီးကာခွဲထားပြီး ဦးခေါင်းများကို လူမဆန်စွာ ရိုက်နှက်မှုကြောင့် ဦးနှောက်များ ပွင့်ထွက်နေကြသည်။

ဓားစာခံအမျိုးသမီးများမှာ အသတ်မခံရမီ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် မုဒိမ်းကျင့်မှုများ ခံခဲ့ရသည်။ ရွာသားများက သေဆုံးသူများ၏ အလောင်းများကို သွားရောက် ယူဆောင်သောအခါတွင် အမျိုးသမီးလိင်အင်္ဂါအတွင်းတွင် ကြက်သွန်နီများ ထည့်သွင်းထားသည့် ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်ကို တွေ့ရှိခဲ့ရသည်။ ***"ကျွန်တော်တို့က သူကိုစမ်းတဲ့ အခါကျတော့ မိုင်းထင်ပြီး ကျွန်တော်တို့က နောက်ကိုဆုတ်ရတယ်။ သေချာပြန်ကြည့်တဲ့အခါကျမှ ကြက်သွန်နီထည့်ထားတယ်၊ ဒီလိုမျိုး ရက်စက်စွာ လူမဆန်စွာ စိတ်ဓါတ်ပိုင်းဆိုင်ရာ အောက်တန်းကျစွာ ဒီလောက်ထိပြုမူပြီးတော့ ....."*** ဟု မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

ရုပ်အလောင်းများကို စက်လှေများနှင့် နွားလှည်းများဖြင့် သယ်ယူလာစဉ် ရွာသားများသည် တုန်လှုပ်ခြောက်ခြားမှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုတို့ကို ကြီးကြီးမားမား ကြုံတွေ့ခံစားခဲ့ရသည်။ ထိုအဖြစ်အပျက်ကြောင့် ရွာသူရွာသားများတွင် ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်သောက၊ မယုံကြည်နိုင်မှုနှင့် ကာလကြာရှည် ခံစားကြရမည့် စိတ်ဒဏ်ရာများ ကျန်ရှိခဲ့ကြသည်။ အခင်းဖြစ်ပွားပြီး ကတည်းက ကျေးရွာကို စွန့်ခွာသွားကြပြီး မည်သူမျှ မပြန်ရဲကြတော့ပါ။ ရွာသားတစ်ဦး၏ ပြောကြားချက်အရ အဆိုပါကျေးရွာသည် တော်လှန်ရေးကာလအတွင်း ဒုက္ခဆင်းရဲကို ဆိုးရွားစွာ ကြုံတွေ့ခဲ့ရပြီး အကူအညီများနှင့် အလေးထားမှုများကို အလွန်လိုအပ်လျက်ရှိပါသည်။

## ဖြစ်စဉ် ၃ - ရှမ်းပြည်နယ်၊ နန်းနိမ်းကျေးရွာတွင် ခိုလှုံနေသော အရပ်သား ပြည်သူများအား သတ်ဖြတ်ခြင်း

၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နန်းနိမ်းကျေးရွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းကို မြန်မာစစ်တပ်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သံဃာသုံးပါးအပါအဝင် အရပ်သား ၃၃ ဦးသေဆုံးမှု ဖြစ်ပွားခဲ့ပြီး အဆိုပါသေဆုံးသူများမှာ ဓားဒဏ်ရာများ၊ သေနတ်ဒဏ်ရာများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ တိုက်ခိုက်မှု ဖြစ်ပွားစဉ်ကာလအတွင်း နန်းနိမ်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာများတွင် နှစ်ပတ်မှ သုံးပတ်ကျော်ကြာသည်အထိ တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။

မှတ်တမ်းတင်နိုင်ခဲ့သည့် သတင်းရင်းမြစ်များအရ ၂၀၂၃ ခုနှစ် မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် တပ်သား ၂၀၀ ခန့် ရှိသော တပ်ဖွဲ့က ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်းရှိ ပင်လောင်းမြို့နယ်၊ နန်းနိမ်းကျေးရွာတွင် စစ်ဘေးရှောင် ဒုက္ခသည်များ ခိုလှုံရာနေရာဖြစ်သော ဘုန်းကြီးကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ် ဆယ်လုံး ပျက်စီးခဲ့သည်။ ထိုနေ့နှောင်းပိုင်းတွင် စစ်အစိုးရ၏ တိုက်လေယာဉ်များပေါ်မှ အမြောက်များဖြင့် နန်းနိမ်းကျေးရွာအနီးတွင် ပစ်ခတ်သဖြင့် အရပ်သားများ ထွက်ပြေးတိမ်းရှောင်လာကြပြီး ထိုရွာထဲရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း သံဃာတော်များနှင့်အတူ ပုန်းအောင်းခဲ့ကြသည်။ ထို့နောက် တပ်သားများသည် ရွာထဲသို့ ခြေလျင်ဝင်ရောက်လာကြကာ တရွာလုံးကို ဖြန့်ကျက်ရှာဖွေကြပြီး ပုန်းအောင်းနေသည့် အရပ်သားများနှင့် သံဃာတော်များကို ပုန်းအောင်းနေရာမှ ထွက်လာခိုင်းပြီး အဓမ္မဖမ်းဆီးကာ ဘုန်းကြီးကျောင်းနံရံကို နောက်ခံထားပြီး သတ်ဖြတ်ခဲ့ကြသည်။ ***"စစ်တပ်တွေကတော့ ကျွန်တော်တို့ ပင်လောင်းမြို့နယ်မှာရှိတဲ့ ကျေးရွာပေါ့နော် KNDF နဲ့စစ်တပ်ကြားထဲမှာရှိတဲ့ တိုက်ပွဲ တစ်ကျောပေါ့နော် နမ့်နိန်းကျေးရွာမှာ စစ်တပ်က အင်အားအလုံးအရင်းနဲ့ ထိုးလာတော့ ဒီမှာကျန်ရှိခဲ့တဲ့***

***ရွာသားတွေ ဘုန်းကြီးတွေကို ဖမ်းဆီးပြီးတော့ သတ်ဖြတ်လိုက် တာကတော့ ကျွန်တော်တို့အတည်ပြုလို့ရပါတယ်"*** ဟု KNDF ၏ ပြန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက သက်သေခံထွက်ဆိုခဲ့သည်။

သံဃာ ၃ ပါးနှင့် အရပ်သား ၁၉ ဦး အပါအဝင် လူသေရုပ်အလောင်း ၂၂ လောင်းကို တွေ့ရှိခဲ့ပြီး သေဆုံးသွားသူများတွင် အမျိုးသမီးတဦးပါဝင်ပြီး ကျန်သောသူများမှာ သက်လတ်ပိုင်းအမျိုးသားများ ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည့် သတင်းရင်းမြစ်က ရှင်းပြသည်။ ဦးခေါင်းများတွင် ဓားဒဏ်ရာများ သို့မဟုတ် ထိုးသွင်းဒဏ်ရာများနှင့် သေနတ်ဒဏ်ရာများဖြင့် ဆိုးဆိုးရွားရွား သေဆုံးနေသည့် ရုပ်အလောင်းများကို မြင်တွေ့ခဲ့ရသည်။ (ကိုးကား ဓာတ်ပုံ ၁ ကိုကြည့်ပါ)။ KNDF ၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက သေဆုံးသူအရပ်သား စုစုပေါင်း ၃၃ ဦးရှိကြောင်း ပြောကြားခဲ့ပြီး အဆိုပါ ဖြစ်စဉ်အကြောင်း အောက်ပါအတိုင်း ပြောပြခဲ့သည်။ ***"နမ့်နိန်းရွာမှာ ပြေးခဲ့တဲ့လူတွေကတော့ စစ်မရှောင်ပဲ စစ်တပ်လာရင်လည်း နေလို့ရတဲ့လူတွေဆိုပြီး ဘုန်းကြီးနဲ့လည်း တူတူနေကြတာဆိုတော့ အဲ့မှာ ထွက်မပြေးပဲနေခဲ့ကြတဲ့ လူတွေပေါ့၊ အဲ့မှာ စစ်ကြောင်းနဲ့တိုးတဲ့ အခါကျတော့ ဖမ်းဆီးသတ်ဖြတ်ပြီးတော့ သေဆုံးသွားတဲ့ သူတွေပါပဲခင်ဗျာ။"***

ထိုဖြစ်စဉ်အတွင်း စစ်သားများက ဘုန်းကြီးကျောင်းဝင်းအပြင်နားတွင် ရွာသားများပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ်အပါအဝင် ပစ္စည်းဥစ္စာများကို ဖျက်ဆီးခဲ့ကြသည်။ KNDF ၏ ပြန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ အဆိုပါ အစုအပြုံလိုက်သတ်ဖြတ်ခြင်း မတိုင်မီက နန်းနိမ်းကျေးရွာမှ နေအိမ် ၅၀ ခန့်ကို စစ်တပ်က မီးတင်ရှို့ခဲ့ပြီး အသက် ၅၀ အရွယ် အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါ မီးရှို့တိုက်ခိုက်မှုနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအား ဖယ်ခုန် (Peggon) မြို့နယ် အခြေစိုက် အမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ SKA အမှတ် (၇) ဗိုလ်ချုပ်နေအောင်လင်းနှင့် တောင်ကြီးအခြေစိုက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းတို့က တိုက်ရိုက်ကွပ်ကဲ ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဉ်တစ်ခုလုံးကို KNDF၊ PDF နှင့် KA တို့က ကင်းထောက်မှန်ပြောင်းဖြင့် ထောက်လှမ်း ကြည့်ရှုနေခဲ့သည်။ KNDF ပြောရေးဆိုခွင့်ရှိသူက ဖြစ်စဉ်မှာ မတ်လ ၁၁ ရက် နေ့လယ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲများ နှစ်ပတ်ကျော်ကြာ ဆက်လက်ဖြစ်ပွားနေသောကြောင့် အခင်းဖြစ်ရာနေရာသို့ ဝင်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်း ပြောပြသည်။ ***"ရွာထဲမှာကတော့ .. သေချာတာတစ်ခုက နှစ်ပတ်ကျော်ကျော် ကြာနေပြီးဆိုတော့ လူထုတွေကတော့ မရှိတော့သလောက်ပါပဲ ရွာထဲမှာ၊ သေချာပါတယ်၊ ရှောင်ပြေးဖို့လုပ်ကြရတာပေါ့၊ ဒီကြားထဲမှာကတော့ ဘယ်လိုဖြစ်လို့***

***ဘယ်လိုအနေအထားမျိုးလည်းဆိုတာ ကျွန်တော်တို့မသိတော့ စစ်တပ်ကတော့ ကျွန်တော်ထင်တာက အဲ့မှာကျန်ခဲ့တဲ့သူတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ဝင်ရောက်တိုက်ခိုက်တယ်လို့ ဖြစ်နိုင်တယ်လို့ ထင်တယ်"*** ဟု ပြောကြားခဲ့သည်။ ယင်းနောက် ၂၀၂၃ ခုနှစ် မတ်လ ၁၂ ရက် မွန်းလွဲပိုင်းတွင် KNDF အဖွဲ့က ကျေးရွာအတွင်း ဝင်ရောက်နိုင်ခဲ့ပြီး ထိုဖြစ်စဉ်မြင်ကွင်းများအား မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် မည်သူမည်ဝါဖြစ်ကြောင်းကို ဆက်လက်ဖော်ထုတ်ပြီး ထိုအလောင်းများကို စစ်မြေပြင်မှ သယ်ထုတ်ခဲ့ကြသည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဘက်ပြောင်းခိုလှုံလာသူ စစ်သားတစ်ဦးက သက်သေထွက်ဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းမှုတွင် သူက ***"ဆယ့်သုံးရက်နေ့ညလောက်မှာ ကျွန်တော် ၂၄၈ က သူငယ်ချင်းတစ်ယောက်နဲ့ ဖုန်းချိတ်ပြီးတော့ Viber မှာ စကားပြောဖြစ်တယ်။ စကားပြောဖြစ်တော့ သူငယ်ချင်း မင်းဘက်က အခြေအနေ ဘယ်လိုလဲ၊ ဘာလဲလို့မေးတော့ သူငယ်ချင်းက အားရဝမ်းသာနဲ့ပြောတယ်ပေါ့။ ငါတို့ကတော့ ဒီကြားထဲထိတွေ့မှုတွေ အများကြီးဖြစ်တယ်။ ဒီကြားထဲမှာ သူပြောလာတာ ငါတို့ရွာတစ်ရွာ ကိုဝင်ပြီးတော့ပေါ့ ဘုန်းကြီးကျောင်းမှာရှိတဲ့ လူအင်အား ၃၀ ကျော်လောက်ပေါ့။ ပဒတ် ၃၀ ကျော်လောက် ကိုသတ်ခဲ့တယ်ပေါ့။ အဲ့လိုမျိုး ပြောတယ်။... အဲ့လိုမျိုး သတ်ခဲ့တဲ့ရွာနာမည် ဘာညာတော့ မပြောဘူးဗျ။ ကျွန်တော်တို့ ပအိုဝ်းရွာလို့တော့ ပြောတယ်ဗျ။"*** ဟု ပြောပြခဲ့ပါသည်။ "ပဒတ်" သို့မဟုတ် "အိမ်မြှောင်" သည် PDF အဖွဲ့ဝင်များကို ရည်ညွှန်းရန်အသုံးပြုသည့် အသုံးအနှုန်း ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း သေဆုံးသူများသည် အရပ်သားများသာဖြစ်ပြီး၊ PDF အဖွဲ့ဝင်များ လုံးဝမဟုတ်ကြောင်း KNDF က အခိုင်အမာ ပြောဆိုထားသည်။

ပုံ - ၁




ပုံ - ၂



ပုံ ၁ နှင့် ၂။ စစ်တပ်က သတ်ဖြတ်ခဲ့သော ရဟန်းသံဃာများနှင့် အရပ်သားပြည်သူများအား နန်းနိမ်းဘုန်းကြီးကျောင်းဝင်းတွင် တွေ့ရစဉ်

ပုံ - ၃




ပုံ - ၃။ မီးရှို့ခံရပြီးနောက် ပျက်စီးသွားသော နေအိမ်များနှင့် ပိုင်ဆိုင်မှုများ

ပုံ - ၄။




နန်းနိမ်းရွာကို စစ်တပ်မှ မီးရှို့ခြင်း

# ဖြစ်စဉ် ၄ - ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ အနန့်ပါကျေးရွာအတွင်း ကျင်းပသည့် အခမ်းအနားတစ်ခုကို လေကြောင်းတိုက်ခိုက်မှု

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ည ၈ နာရီ ၂၀ မိနစ်ခန့်တွင် KIA တပ်မဟာ ၉ ထိန်းချုပ်နယ်မြေအတွင်းရှိ ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါကျေးရွာကို ဂျက်တိုက်လေယာဉ် ၃ စီးဖြင့် လေကြောင်းမှ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါသည်။ ထိုညတွင် ကချင်လွတ်မြောက်ရေးအဖွဲ့၏ (၆၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ သာမန်အရပ်သားများ၊ နာမည်ကျော် သရုပ်ဆောင်မင်းသားများနှင့် မင်းသမီးများ၊ ဒေသခံ ကျောက်စိမ်းလုပ်ငန်းရှင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် KIA အရာရှိကြီးများ အပါအဝင် ကချင်ပြည်သူလူထု ရာနှင့်ချီ၍ တက်ရောက်ခဲ့ကြသည်။[17] ထိုအခမ်းအနား ကျင်းပနေစဉ်အတွင်း အခမ်းအနား ကျင်းပရာ နေရာပေါ်သို့ ဗုံး ၃ လုံး ဆက်တိုက်ကြဲချခံခဲ့ရပြီး အနည်းဆုံး လူပေါင်း ၁၃၀ ဦး သေဆုံးခဲ့သည်။ ဒဏ်ရာရသူများကိုလည်း ဆေးကုသခွင့် မရရှိအောင် တားမြစ်ခံရသောကြောင့် နောက်ထပ်သေဆုံးမှုများလည်း ဖြစ်ပွားခဲ့သည်။

တပ်မဟာ ၉ မှ ၅ မိုင်ခန့်အကွာတွင် တပ်မ ၃၃ လက်အောက်ခံ စစ်ဆေးရေး ဂိတ်တစ်ခုရှိပါသည်။ ပုံမှန်အားဖြင့် ထိုနေရာတွင် စစ်ဆေးရေးဂိတ်တစ်ခုရှိသော်လည်း အောက်တိုဘာ ၂၃ ရက်တွင် ပွဲသွားသူများကို စစ်ဆေးခြင်းမပြုဘဲ ပုံမှန်အတိုင်း ဖြတ်သန်းခွင့်ပြုခဲ့သည်။ ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် တံတားဦးမန္တလေးလေတပ်စခန်းမှ ထွက်ခွာလာသော တိုက်လေယာဉ် ၃ စင်းသည် ပရိသတ် အလယ်တည့်တည့်သို့ ဗုံး ၃ လုံး ကြဲချခဲ့သည်။ မျက်မြင်သက်သေများ၏ အဆိုအရ အဆိုပါဗုံး၏ အပြင်ဘက်အခွံသည် လီတာ ၂၀ ရေတိုင်ကီအရွယ်အစားနှင့်တူညီသည်။

KIA က အောက်တိုဘာ ၂၅ ရက် ညနေက ထုတ်ပြန်ခဲ့သော စာရင်းများအရ ဗုံးကျဲခံရသောအချိန်တွင် လူပေါင်း ၆၃ ဦး သေဆုံးခဲ့ပြီး နောက်ပိုင်းတွင် နောက်ထပ် ၃ ဦး သေဆုံးသွားသည်ဟုဖော်ပြခဲ့ပါသည်။ အစောပိုင်း ထုတ်ပြန်သည့် သေဆုံးစာရင်းထဲတွင် KIA အရာရှိ ၄၆ ဦးနဲ့ အရပ်သား ၁၇ ဦးတို့ ပါဝင်သည်ဟု RFA သတင်းတွင် ဖော်ပြခဲ့သည်။ KIA အရာရှိ ၃၃ ဦးနှင့် အရပ်သား ၂၈ ဦးတို့ အပါအဝင် ထိခိုက်ဒဏ်ရာရသူ ၆၁ ဦးရှိကြောင်း ကနဦးသတင်းတွင် ဖော်ပြထားပါသည်။ ခန္ဓာကိုယ်

[17] Myanmar Now, 2022, ပိုမိုသိရှိရန် https://myanmar-now.org/mm/news/13014/ ကို ကြည့်ပါ

အစိတ်အပိုင်းများ အများအပြားသည် ပေ ၁၀၀ စတုရန်းပေကျယ်ဝန်းသော ဧရိယာအတွင်း တစ်စစီ ပြန့်ကျဲနေသည်ကို တွေ့မြင်ရသောကြောင့် သေဆုံးသူ အရေအတွက်သည် KIA က ထုတ်ပြန်သည့် စာရင်းထက် ပိုများရမည်ဟု အသက်ရှင်ကျန်ရစ်သူ အရပ်သားအချို့က အခိုင်အမာပြောဆိုခဲ့သည်။ မျက်မြင်သက်သေတစ်ဦးက ***"ဟောခန်းထဲမှာကိုကျတာ။ ပြီးတော့ ဆန်ဂိုဒေါင်မှာ တစ်ခုကျတယ်။ ထမင်းချက်နေတဲ့ မီးဖိုချောင်မှာလည်း တစ်ခုကျတယ်။ ဟောထဲမှာရှိတဲ့ သူတွေက လွတ်လာတာ သိပ်မရှိတော့ဘူး။ ဟောခန်းလည်း တစ်ခါတည်း မီးလောင်သွားတာ အကုန်တစ်စစီဖြစ်သွားတာ။ မီးဖိုချောင်ထဲက လူတွေလည်း အကုန်လုံးသေတယ်။ သေဆုံးသူက ပိုများနိုင်တယ်။ တောင်ဘက်အထိတောင် ဦးခေါင်းခွံတွေ၊ အသားစတွေ လွင့်သွားတာတောင် များတယ်။ ပျောက်သွားတဲ့ဟာတွေလည်းရှိတယ်။"*** ဟု ပြောပြပါသည်။[18]

ထိခိုက်ဒဏ်ရာရသူများအား ကူညီဆောင်ရွက်ပေးနေသည့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များက ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသခွင့် မရရှိအောင် ပိတ်ပင်ထားကြသောကြောင့် သွေးထွက်လွန်ပြီး သေဆုံးသွားကြသော သူများရှိကြောင်း သိရသည်။ အမည်မဖော်လိုသူ ဒေသခံတဦးက မီဒီယာသတင်းတစ်ခုကို ***"မနေ့က ဟိုဘက်က ပြန်လာတဲ့သူတွေပြောပြတာက မနေ့ကလည်း သုံးဦး သွေးလွန်ပြီး ထပ်ဆုံးသွားတယ်။ ဆေးဝါးကုသမှု အမြန်မခံယူနိုင်လို့ပေါ့။ အခုလည်း လူနာ တော်တော်များများ ရှိနေသေးတယ်။ ဒီဘက်ပြန်လာလို့ မရတဲ့သူတွေ"*** ဟု ပြောကြားခဲ့သည်။[19] သယ်ယူပို့ဆောင်ရေးကို ပိတ်ဆို့ထားဆဲဖြစ်ပြီး တဖက်တွင် ခြေပြတ်၊ လက်ပြတ် အရေးပေါ် လူနာများ အများအပြား ရှိနေသည်။ တစ်ချိန်တည်းမှာပင် RFA သတင်းဌာန၏ သတင်းအရ မြန်မာစစ်တပ်သည် ကံဆီးဂိတ်က ကယ်ဆယ်ရေးအဖွဲ့များကို ဖြတ်သန်းခွင့်မပြုဘဲ ပိတ်ဆို့ထားသည်ဟု ဆိုသည်။ ထို့အတူ သေဆုံးမှုများအတွက် သက်ဆိုင်ရာဘာသာတရားနှင့်အညီ ဆုတောင်းပွဲကျင်းပရန်လည်း စစ်တပ်က ခွင့်မပြုကြောင်း ဒေသခံများက ပြောသည်။

KIA နှင့် PDF ကို လက်စားချေ တုံ့ပြန် တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ဤဖြစ်ရပ်နှင့်ပတ်သက်၍ မြန်မာစစ်တပ်က ကြေညာခဲ့ပြီးနှင့် တိုက်ပွဲနေရာတွင် အရပ်သားပြည်သူများ မရှိကြောင်း မှားယွင်းစွာ ဖော်ပြခဲ့သည်။

[18] RFA, ၂၀၂၂, ပိုမိုသိရှိရန် https://www.rfa.org/burmese/news/kio-airstrike-died-10272022070401.html

[19] Ibid

# ဖြစ်စဉ် ၅ - စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ယက်ကုန်းကျေးရွာရှိ ကျေးရွာဘုန်းကြီးကျောင်းရှိ စာသင်ကျောင်းတစ်ကျောင်းကို တိုက်ခိုက်မှု

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း CDM ဆရာ/ဆရာမများက ဦးစီးသင်ကြားနေသည့် မူလတန်းကျောင်းကို စစ်တပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ တိုက်ခိုက်မှုအတွင်း မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များက ကျေးရွာဆေးခန်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး ရွာနှင့် ဘုန်းကြီးကျောင်းအတွင်းသို့ အဆက်မပြတ် ပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုနှင့် ခေးစာခံများ ဖမ်းဆီးခြင်း အပါအဝင် ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုနှင့် နောက်ဆက်တွဲ စစ်ဆင်တိုက်ခိုက်မှုများအတွင်း အရပ်သားများ သတ်ဖြတ်ခံခဲ့ရသည်။ ထိုဖြစ်စဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စာသင်ကျောင်းများနှင့် ကျေးရွာများကို တိုက်ခိုက်မှုများထဲမှ တစ်ခုသာဖြစ်သည်။

လက်ယက်ကုန်းကျေးရွာသို့လေကြောင်းတိုက်ခိုက်မှု မပြုမီ ညနေပိုင်းတွင် ဒေသခံ PDF တစ်ခု၏ အဖွဲ့ဝင်များသည် လအတန်ကြာသည့် သင်တန်းတစ်ခုကို တက်ရောက်ပြီး ရွာသို့ ပြန်လာခဲ့ကြသည်။ ထို လက်ယက်ကုန်း လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၏ မျက်မြင်သက်သေတစ်ဦးဖြစ်ပြီး ဒေသခံ PDF အဖွဲ့တစ်ခု၏ ခေါင်းဆောင်ဖြစ်သော ကိုထွန်း (အမည်လွှဲ) က ***"၁၅ ရက်ညနေက ရွှေဘိုခရိုင်တပ်ရင်း ၄ က မြောက်ပိုင်းကနေပြန်လာတဲ့သူတွေ ရွာထိပ်ကို ဆိုင်ကယ် ၂၅ စီး ၃၀ လောက်နဲ့ လာတယ်။ သူတို့လည်း သင်တန်းသွားတာက စလ၊ ၉လလောက်ရှိပြီ၊ ပြန်လာခဲ့တာဆိုတော့ သူတို့ရွာ မရောက်မချင်း သီချင်းဆိုအော်ဟစ်ပြီးတော့ ဆိုင်ကယ်မောင်းသွား ကြတယ်။ အဲဒါကိုလည်း နယ်ခံဒလန်က သတင်းပေးထားတာလဲ ရှိပုံရတယ်။ သူတို့စိတ်ထဲ အဲဒီလူတွေက ရွာထဲက ဘုန်းကြီးကျောင်းမှာ တည်းခိုတယ်လို့ ထင်နေပုံရပါတယ်။"*** ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက် နေ့ခင်းပိုင်း လေကြောင်းတိုက်ခိုက်မှု စတင်ဖြစ်ပွားချိန်တွင် ကျောင်းဆရာ/မများက ကျောင်းသားများကို စာသင်ကြားပေးနေခဲ့သည်။ ခမရ ၃၆၈ ခြေမြန်တပ်ရင်းက Mi-35 ရဟတ်ယာဉ်နှစ်စင်းကို အသုံးပြု၍ လက်ယက်ကုန်းရွာကို တိုက်ခိုက်ခဲ့သည်။ အခြား ရဟတ်ယာဉ်နှစ်စင်းမှ စစ်သားများကလည်း ရွာထဲသို့ ပစ်ခတ်ခဲ့ပါသည်။ သူတို့က ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းကို တစ်နာရီကြာ အဆက်မပြတ် ပစ်ခတ်ခဲ့သဖြင့် ကျောင်းသား ၇ ဦး သေဆုံးခဲ့ရသည်။

မျက်မြင်သက်သေတဦးက ***"အဲဒါကြောင့် ဘုန်းကြီးကျောင်းကို တည့်ပစ်တယ်၊ ရွာထဲက ကျေးလက်ကျန်းမာရေးဆေးပေးခန်းကိုလည်း လက်နက်ကြီးနဲ့ ၂ ချက်ပစ်တယ်၊ ဆေးခန်းကို တည့်တည့်မထိလို့၊ သူတို့ကဘုန်းကြီးကျောင်းနဲ့ ရွာထဲကို မနားတမ်း ပစ်တာ"*** ဟုထွက်ဆိုခဲ့ပါသည်။ အပစ်ခံခဲ့ရသည့် ကျောင်းသားများ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် သွေးများ စာသင်ခန်းတစ်ခုလုံး နေရာအနှံ့ ပျံ့နှံ့နေပြီး၊ ကျောင်းသားများ၏ ရုပ်အလောင်းများကို ပီနံအိတ်များအတွင်း ထည့်ကာ စစ်တပ်က ရေးဦးမြို့နယ်သို့ ယူဆောင်သွားကြောင်း မျက်မြင်သက်သေက ပြောပြသည် (ဓာတ်ပုံ ၄ ကိုကြည့်ပါ)။ မျက်လုံးကို ထိမှန် ဒဏ်ရာရသွားသော ယောကျ်ားလေး ကလေးငယ်တဦးနှင့် ခြေထောက် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသော မိန်းကလေးငယ်ကို မုံရွာမြို့ရှိ စစ်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။ ထို့အပြင် ကျောင်းတိုက်အတွင်းရှိ သံဃာတော်များနှင့် သာမဏေငယ်များကို PDF များဟု စွပ်စွဲခဲ့သည်။ စစ်သားများသည် ရဟန်းတော်များအား ဘုရားစာကို မှန်ကန်စွာမရွတ်ဖတ်နိုင်ပါက ပစ်သတ်မည်ဟု ခြိမ်းခြောက်ပြီး၊ သင်္ကန်းချွတ်ခိုင်းကာ ရဟန်းဘောင်မှ အတင်းအကြပ်ထွက်ခိုင်းခဲ့ပါသည်။

လေကြောင်းတိုက်ခိုက်မှုအပြီးတွင် ခြေလျင်တပ်သားများသည် အရပ်လေးမျက်နှာမှ နေ၍ ရွာအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ စစ်သားများ ရွာထဲသို့ ဝင်လာစဉ်၊ PDF ကင်းထောက် သုံးဦးမှာ ဦးခေါင်းတည့်တည့်ကို ပစ်ခတ်ခံရကာ သေဆုံးသွားခဲ့ပြီး သူတို့၏ ရုပ်အလောင်းများကို အနီးနားရှိ ချောင်းထဲသို့ စွန့်ပစ်သွားကြသည်။ ***"ကင်းစောင့်နေရင်းနဲ့ ဝင်လာတယ်။ ဝင်လာတယ်ဆိုတော့ ခါတိုင်းလိုပဲထင်ပြီး ကင်းထိပ်က တံတား၊ မူးတံတားအောက်က ရေတွေထဲဝင်ဝပ်နေတာ။ အဲဒါကို မူးတံတားထိပ်တင် ခွေး (စစ်တပ်) တွေက ချတော့ သူတို့ကို မြင်သွားတယ်၊ မြင်သွားတော့ သူတို့ကို ကုန်းပေါ်တက်ခိုင်းပြီး ခေါင်းကိုတေ့ပစ်ပုံရတယ်။ အဲဒီတော့ပြစ်တဲ့နေရာမှာ ဦးခေါင်းခွံတွေပေါ့နော် .. အဲဒါတွေကိုတွေ့တယ်။ ဒရွတ်တိုက်ဆွဲပြီး မူးထဲချထားတဲ့ ပုံစံမျိုးပဲ။ သွေးတွေက သွေးကြောင်းတွေတော့ တွေ့တယ်။"***

အဆိုပါ တိုက်ခိုက်မှုအတွင်း သေဆုံးသွားသည့် အခြားရွာသား ၇ ဦးတွင် တဦးမှာ စစ်အစိုးရ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် အင်းပင်ကျေးရွာမှ ဒေသခံ တံငါသည်ဖြစ်ပြီး၊ နောက်တစ်ဦးမှာ အသက် ၁၆ နှစ်အရွယ် PDF ကင်းထောက် အမျိုးသားတစ်ဦးဖြစ်ကာ ကျေးရွာထိပ် တံတားအောက်၌ ပုန်းအောင်းနေစဉ်သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။ လယ်ကွင်းတွင် နွားကျောင်းနေသော လူလတ်ပိုင်းအမျိုးသမီးတစ်ဦးကိုလည်း စစ်တပ်ကမြင်တွေ့သွားကာ သတ်ဖြတ်ခဲ့ကြသည့်အပြင် သူမ၏ ရွှေနားကပ်များကိုလည်း ယူဆောင်သွားကြသည်။ ထို့နောက် ကိုထွန်းက အခြား သေဆုံးသွားသူများအကြောင်းကို ပြောပြခဲ့သည်။ ***"နောက် ၂ ဦးကတော့ ကောက်ရိုးပုံထဲ ကောက်ရိုးတွေနဲ့ ဖုံးပြီး လင်မယား ၂ ယောက်ဖုံးနေတာကို လှုပ်လှုပ်နေလို့***

***ရမ်းပစ်ထားခဲ့တာ၊ ခေါင်းထိပြီးပွဲခြင်းပြီးသွားတယ်၊ အဲဒါကရွာထဲက သူ့အိမ်ထဲမှာ။ …… ကျွန်တော်တို့အဖွဲ့ထဲက ရဲဘော်ကိုတော့ ဓါးစာခံဆိုပြီး ခေါ်သွားတာ၊ သူ့ကိုတော့ လမ်းမှာ ပစ်သတ်ထားခဲ့တယ်"*** ။ အချို့သော သေဆုံးသူများ၏ ရုပ်အလောင်းများကိုမူ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ခြင်း မရှိပါ။ (ဓာတ်ပုံ ၅ ကိုကြည့်ပါ)။

ထိုကဲ့သို့သတ်ဖြတ်မှုများအပြင် CDM ဆရာ/မများနှင့် ကလေးငယ်များ အပါအဝင် လူ ၂၀ ခန့်ကို စစ်တပ်ကဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုပြီး ရေဦးမြို့သို့ ခေါ်ဆောင်သွားခဲ့သည်။ နောက်ပိုင်းတွင် လွတ်မြောက်လာခဲ့သူတစ်ဦးက အခြားဓားစာခံနှစ်ဦး သေဆုံးသွားကြောင်း သတင်းပေးပို့ခဲ့သည်။ ကျေးရွာမှထွက်ခွာစဉ် စစ်သားများက နေအိမ်များကို ဝင်ရောက်ရှာဖွေဖျက်ဆီးကာ ရွှေ၊ငွေကဲ့သို့သော ကျေးရွာသားများ၏ အဖိုးတန်ပစ္စည်းများကို လုယူသွားကြောင်း မျက်မြင်သက်သေများက ပြောသည်။

သတ်ဖြတ်မှုများ ပြီးဆုံးပြီးနောက် စစ်တပ်က သေဆုံးသူများ၏ ရုပ်အလောင်းများကို သက်ဆိုင်ရာ မိသားစုများထံ ပြန်လည်ပေးအပ်ခြင်း မရှိပေ။ ရုပ်အလောင်းများကို စစ်တပ်မှ မီးရှို့ခဲ့ကြောင်း ရေဦး PDF များက အတည်ပြုပေးခဲ့သည်။ မိဘများနှင့် မိသားစုဝင်များက အနည်းဆုံးအားဖြင့် ရုပ်အလောင်းများကို ပြန်လည်ပေးအပ်ရန် စစ်တပ်ထံသွားရောက် တောင်းပန်ခဲ့ကြသော်လည်း ငြင်းဆိုခံခဲ့ရသည်။ ရုပ်အလောင်းများကို မီးရှို့ပြီးနောက် ကြွင်းကျန်ပြာများကို မိသားစုဝင်များက ရယူလိုပါက ခံဝန်လက်မှတ်များ ရေးထိုးပေးခဲ့ရသည်။

အဆိုပါဖြစ်စဉ်ကြောင့် လက်ယက်ကုန်းကျေးရွာမှ အခြားရွာသားများသည် ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ တိုက်ခိုက်မှုအပြီး မကြာမီ စစ်တပ်က အနီးနားကျေးရွာများကို လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် တခြားကျေးရွာ ၆ ရွာမှ ရွာသားများလည်း ထွက်ပြေး တိမ်းရှောင်နေကြရပါသည်။ ***"ထွက်ပြေးတိမ်းရှောင်နေရတဲ့ အိမ်ခြေ ၃၀၀ ကျော် လောက်ဆိုတော့ လူ ၁၅၀၀ ဝန်းကျင်လောက်တော့ ရှိမှာပေါ့။ ထိခိုက်ဒဏ်ရာရတဲ့ ကလေးတွေက စုစုပေါင်း ၂၂ ဦး ရှိတယ်။"***

ပုံ ၅



ပုံ ၆




*ပုံ ၅ နှင့် ၆။ စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှု အပြီး အခြေအနေ*

# နိဂုံးချုပ်

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းက ဖိနှိပ်မှုနှင့် မတရားချိုးဖောက်မှု ပုံစံများ ဆက်လက်တည်ရှိနေကာ၊ ဖေဖော်ဝါရီ ၁ ရက်၊ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်စဉ်မှစတင်၍ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ မဟာမိတ်များက မြန်မာနိုင်ငံတစ်ဝှမ်းတွင် သတ်ဖြတ်မှုနှင့် အခြားချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များအတွင်း သတ်ဖြတ်မှုများသည် အထူးသဖြင့် နိုင်ငံရေး အတိုက်အခံများကို ထောက်ခံသည့် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ ဖြစ်ကြောင်း ပေါ်လွင်နေပြီး အတိုက်အခံ လက်နက်ကိုင်အဖွဲ့များကို ထောက်ပံ့မှုများ လျှော့ချရန် ရည်ရွယ်သော ခွဲခြားခြင်း အလျဉ်းမရှိသည့် တိုက်ခိုက်ခြင်းများလည်း ပါဝင်နေသည်။ အဆိုပါ တိုက်ခိုက်မှုများအတွင်း စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦနေရာများနှင့် အခြားအရေးကြီးသော အရပ်ဘက်နေရာများကို မကြာခဏ ထိခိုက်လေ့ရှိပြီး၊ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် သတ်ဖြတ်မှုများအပြင် ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် လုယက်ခြင်းများအပါအဝင် အခြားရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့ကြသည်။

ဤတိုက်ခိုက်မှုများသည် မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါများ၏ ရက်စက်ကြမ်းကြုတ်မှုများကို ဖော်ပြနေပြီး အရပ်သား နိုင်ငံရေးအတိုက်အခံများကို လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအဖြစ် တစ်စုတစ်စည်းတည်း အမည်တံဆိပ်တပ် သတ်မှတ်ခြင်းသည်လည်း လူသားချင်းစာနာ ထောက်ထားမှုဥပဒေအား တိုက်ရိုက်ချိုးဖောက်မှုများပင် ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းပြုစုထားသည့် တိုက်ခိုက်မှုအများအပြားသည် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပြီး မြန်မာစစ်တပ်၏ လေယာဉ်လောင်စာဆီ သုံးစွဲနိုင်မှု လျှော့ချနိုင်ရေး ပိုမိုခိုင်မာသော ပိတ်ဆို့ အရေးယူမှုများနှင့် အခြားကြိုတင် ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်ရန် လိုအပ်ချက်ကို ထပ်လောင်း ပြသလျှက် ရှိသည်။ ထို့အပြင် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းများ ဆက်လက်ဖြစ်ပွားနေခြင်းက လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အမှုများ ဖွင့်လှစ်ခြင်း အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာစနစ်များမှ တဆင့် တာဝန်ယူတာဝန်ခံမှု ရှာဖွေခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ပြသနေပါသည်။ ထို့အပြင် ထိုသတ်ဖြတ်မှုများနှင့် အခြားရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ပြည်တွင်းခေါင်းဆောင်များ (ဒေသတွင်းခေါင်းဆောင်များ) များအနေဖြင့် အနာဂတ် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တစ်ခုကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်နေကြောင်းကိုလည်း ထောက်ပြလျက်ရှိသည်။

# အကြံပြုချက်များ

## အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့

- ဘုံသဘောတူညီချက် ၅ ချက်အား တရားသေဆုပ်ကိုင်ထားခြင်းထက် ပို၍ထိရောက်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကိုလည်း ပြည်သူများသို့ အသိပေးရန်နှင့် ပြည်သူများ၏ လိုလားချက်များနှင့် ကိုက်ညီသော ဆုံးဖြတ်ချက်များ ချမှတ်ရန်။
- မြန်မာစစ်အုပ်စု၏ ရက်စက်ယုတ်မာသော ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများကို ရပ်တန့်ရေး ချက်ချင်းအရေးယူ ဆောင်ရွက်ရန်။
- စစ်အာဏာရှင်ကို တရားဝင်မှု ပေးနေခြင်းကို ရပ်တန့်ရန်အလို့ငှာ တရားဝင် ထိတွေ့ဆက်ဆံမှုများ အားလုံးကို အဆုံးသတ်ရန်။
- အင်ဒိုနီးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်နေစဉ် ကာလအတွင်း အမျိုးသား ညီညွတ်ရေး အစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH)၊ လူမျိုးစုတော်လှန်ရေး အဖွဲ့အစည်းများ (EROs) နှင့်အရပ်ဘက် အဖွဲ့အစည်းများ အားလုံး အကျုံးဝင်ပါဝင်နိုင်သော ဆွေးနွေးပွဲတစ်ရပ်ကို စီစဉ်ကျင်းပပေးရန်။
- လူ့အခွင့်အရေးမှုများ၊ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုတို့အပေါ် အခြေခံပြီး အာဆီယံ အထူးသံတမန်၏ အခန်းကဏ္ဍအတွက် ရှင်းလင်းပြတ်သားသော လုပ်ပိုင်ခွင့်ကို ချမှတ်ရန်၊ အထူးသံတမန်ကို ရာထူးသက်တမ်း တစ်နှစ်ထက်ပိုကြာသော အချိန်ပြည့် ဝန်ထမ်းအဖြစ် ထမ်းဆောင်စေရန်နှင့် အထူးသံတမန်အနေဖြင့် အာဆီယံ လက်ရှိဥက္ကဋ္ဌ၏ သဘောထားများကို ကိုယ်စားပြုရုံသာမကပဲ အာဆီယံခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများထံ တာဝန်ခံစေရန်။

- အထူးသံတမန်သည် NUG၊ NUCC၊ CRPH၊ နှင့် ERO တို့နှင့် ထိတွေ့ဆက်ဆံပြီး စစ်အာဏာရှင်နှင့် လုံးဝအဆက်အသွယ်ဖြတ်တောက်ကြောင်း အာမခံရန်။

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့

- အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသော စစ်အစိုးရ၏ စွမ်းဆောင်နိုင်စွမ်းကို လျှော့ချနိုင်ရန်အတွက် လေယာဉ်လောင်စာဆီ ထောက်ပံ့ရေး ကွင်းဆက်၏ အစိတ်အပိုင်းအားလုံးကို ပိတ်ဆို့အရေးယူပြီး အခြားသင့်လျော်သော အစီအမံများကိုလည်း ဆောင်ရွက်ရန်။
- မြန်မာစစ်တပ်သို့ လက်နက်နှင့် စစ်အသုံးအဆောင်ပစ္စည်းများ စီးဆင်းမှုကို ကန့်သတ်ရန်အတွက် ကျယ်ပြန့်သော စစ်လက်နက်ပစ္စည်းရောင်းဝယ်မှုကို ပိတ်ဆို့အရေးယူခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားခုံရုံးနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် အမှုများမှတဆင့် ဆောင်ရွက်ခြင်းများ အပါအဝင် အရပ်သားပြည်သူများကို သတ်ဖြတ်မှုများနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် နိုင်ငံတကာ တာဝန်ယူတာဝန်ခံအစီအစဉ်များကို ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရန်။

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့

- မြေပြင်ပကတိ အခြေအနေများကို ထင်ဟပ်သည့် ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး ဆုံးဖြတ်ချက်များကို ချမှတ်ရန်၊ NUG အပါအဝင် ဒီမိုကရေစီအင်အားစုများကို ထောက်ခံပံ့ပိုးရန်နှင့် စစ်အစိုးရ၏ ရက်စက်ယုတ်မာမှုများကို ရှုတ်ချရန်။
- နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား ချိုးဖောက်မှု ကျူးလွန်သူများကို တရားစွဲဆိုရန်နှင့် ကျူးလွန်ခံရသူများအား ထိရောက်သော ကုစားမှုများ ပေးအပ်ရန်အတွက် အထူးခုံရုံးတစ်ခု တည်ထောင်ရေး ဖြစ်နိုင်ခြေကို စူးစမ်းရှာဖွေရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အား ပန်ကြားရန်။
- အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်မှုကို ချမှတ်ကျင့်သုံးနေသော နိုင်ငံများ၏ တရားရေးစီရင်မှုကို တက်ကြွစွာ ရှာဖွေရေးနှင့် အမှုတွဲဖိုင်များ ပြင်ဆင်မှုကို အရှိန်မြှင့်ဆောင်ရွက်ရေး မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) အား တောင်းဆိုရန်။
- မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) အနေဖြင့် သက်သေအထောက်အထားများ စုဆောင်းခြင်း တာဝန်သာမကဘဲ ကျူးလွန်သူများအား

အရေးယူဆောင်ရွက်နိုင်ရန် သို့မဟုတ် တာဝန်ယူ တာဝန်ခံမှုနှင့် တရားမျှတမှုတို့ကို ပြန်လည်ဆောင်ကြဉ်းနိုင်ရန်အတွက် လုပ်ပိုင်ခွင့်ကို ချဲ့ထွင်ပေးရန်။

## နိုင်ငံတကာအလှူရှင်များသို့

- နိုင်ငံတကာရာဇဝတ်မှု မြောက်ခြင်းကို ဆုံးဖြတ်ပေးနိုင်သည့် အချက်အလက်များအား စုဆောင်း၍ ခွဲခြမ်းစိတ်ဖြာ လေ့လာသည့် လုပ်ငန်းစဥ်အတွက် ထပ်ဆောင်း ပံ့ပိုးမှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်နှင့် အနာဂတ်တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အစီအစဉ်များ ဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများကို ပံ့ပိုးပေးရန်။

## အမျိုးသား ညီညွတ်ရေး အစိုးရ၊ လူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများနှင့် အခြားသော အတိုက်အခံ အစုအဖွဲ့များသို့

- နိုင်ငံတကာ ရာဇဝတ်မှုမြောက်နိုင်ခြေ အလားအလာအပေါ် ဥပဒေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှုများကို ပံ့ပိုးပေးနိုင်သည့် ဆက်စပ်အခြေအနေများနှင့် အခြား အစိတ်အပိုင်းများ အပါအဝင် သက်ဆိုင်ရာ ထိန်းချုပ်နယ်မြေများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းပြုစုရာတွင် ပံ့ပိုးကူညီပေးရန်။
- သက်ဆိုင်ရာ အမိန့်ပေးကွပ်ကဲမှုစနစ်နှင့် စစ်သည်တော်ကျင့်ဝတ်များကို ဖန်တီးခြင်း နှင့်/သို့မဟုတ် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းအပါအဝင် ICCPR နှင့် CAT တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအား မိမိတို့၏ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများတွင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးတိုးတက်အောင်နှင့် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန်။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား ချိုးဖောက်ကြောင်း စွပ်စွဲခံရသော တပ်ဖွဲ့ဝင်များအား ထိရောက်စွာ အရေးယူ ဆောင်ရွက်ခြင်းအပါအဝင် တာဝန်ယူတာဝန်ခံမှုကို အာမခံရန်။ ဤတွင် NUG ၏ ထိန်းချုပ်ကွပ်ကဲမှုအောက်တွင်ရှိသော PDF များနှင့် NUG ၏ ထိန်းချုပ်ကွပ်ကဲမှု အောက်တွင်မရှိသော အခြားအဖွဲ့များအားလုံး အကျုံးဝင်သည်။
- ၂၀၂၁ အာဏာသိမ်းရန် ကြိုးပမ်းမှု မတိုင်မီနှင့် အပြီးကာလများအပါအဝင်၊ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အရပ်သားများနှင့်

လူမှုအသိုင်းအဝိုင်းများအပေါ် ထိခိုက်သက်ရောက်ခဲ့မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ် တစ်ခုကို ကြိုတင်ပြင်ဆင်ထားရန်။